# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်၊ စနေနေ့၊ အတွဲ (၄၂)၊ အမှတ် (၅၈)


**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့က ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) နဝမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဓမ္မစက္ကမုဒြာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင် စွယ်တော်မြတ်စေတီတော်(ရန်ကုန်)ရှိ ဓမ္မစက္ကမုဒြာဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်း ဗုဒ္ဓပူဇနိယပွဲတော်နှင့် ရွှေကြာသင်္ကန်းကပ်လှူပွဲ ကြွရောက်တော်မူသော ဆရာတော်သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူ

**ရန်ကုန် နိုဝင်ဘာ ၂၆**

ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) နဝမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေရှိ စွယ်တော်မြတ်စေတီတော်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍ ဓမ္မစက္ကမုဒြာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

*စာမျက်နှာ ၇ ကော်လံ ၅* ●



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့က ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) နဝမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဆရာတော်ထံ ကထိန်သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်)

# အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်ပွဲခံနိုင်ရေးကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် ချမှတ်ထားသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်လေးရပ်၌ **"တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"** ဟူသည့် ဦးတည်ချက်တစ်ရပ်ကို ထည့်သွင်းချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားကစားကဏ္ဍ၌ နိုင်ငံတကာ ပြိုင်ပွဲများသို့ မြန်မာအားကစား အဖွဲ့များကို စေလွှတ်ယှဉ်ပြိုင်လျက်ရှိသကဲ့သို့ ပြည်တွင်း၌လည်း နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲများ၊ နိုင်ငံတကာအဆင့် အားကစားပြိုင်ပွဲများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပေးလျက်ရှိသည်။

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပေးသည့် အားကစားပြိုင်ပွဲများအနက် (၆)ကြိမ်မြောက် အာရှဂူရှူးတံခွန်စိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၂၄ရက်နေ့က ရန်ကုန်မြို့သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေး ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၆) ကြိမ်မြောက် ဂူရှူးတံခွန်စိုက်ပြိုင်ပွဲသို့ ဘင်္ဂလားဒေ့ရှ်၊ ဘရူနိုင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရန်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ မကာအို၊ ကာဇက်စတန်၊ မလေးရှား၊ မွန်ဂိုလီးယား၊ နီပေါ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တရုတ်(တိုင်ပေ)၊ ထိုင်း၊ တာမင်နစ္စတန်၊ ဥဇဘက်ကစ္စတန်၊ ဗီယက်နမ်၊ ယီမင်နှင့် အိမ်ရှင်မြန်မာနိုင်ငံတို့မှ အသင်းပေါင်း ၂၄သင်း၊ အားကစားသမား ၅၃၀ တို့ စုံစုံညီညီပါဝင်ယှဉ်ပြိုင်လျက်ရှိကြပြီး ပြိုင်ပွဲကို နိုဝင်ဘာလ ၂၇ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အာရှနိုင်ငံအတွင်းရှိ ပြိုင်ပွဲဝင် ဂူရှူးအဖွဲ့ချုပ် ၂၅ခုတို့၏ အကောင်းဆုံး ဂူရှူးအားကစားသမား ၅၃၀ ပါဝင်ယှဉ်ပြိုင်သည့် (၆)ကြိမ်မြောက် အာရှဂူရှူးတံခွန်စိုက်ပြိုင်ပွဲကြီးကို မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရသည့်အတွက် နိုင်ငံအတွက် များစွာဂုဏ်ယူဝမ်းမြောက်ဖွယ် ဖြစ်သကဲ့သို့ မြန်မာဂူရှူး အားကစားသမားများအတွက်လည်း နိုင်ငံတကာအသင်းများနှင့် ယှဉ်ပြိုင်နိုင်သည့် အခွင့်အလမ်း၊ အတွေ့အကြုံများ တိုးတက်ရရှိခဲ့သည်။

ပြိုင်ပွဲပထမနေ့တွင် မြန်မာနိုင်ငံမှ ဂူရှူးလက်ရွေးစင် ခိုင်ခိုင်မော်က အမျိုးသမီးထိုက်ချီချွမ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု စတင်ဆွတ်ခူးခဲ့ရာ အာရှဂူရှူးတံခွန်စိုက်ပြိုင်ပွဲတစ်လျှောက်၌ မြန်မာနိုင်ငံက ပထမဦးဆုံး ဆွတ်ခူးရရှိခဲ့သော ရွှေတံဆိပ်ဆုအဖြစ် ဂုဏ်ယူဝမ်းမြောက်ဖွယ် မှတ်တမ်းတင်ရမည် ဖြစ်သည်။

ဒုတိယနေ့တွင်လည်း ဂူရှူးလက်ရွေးစင် ဆွေဆွေသန့်က မြန်မာနိုင်ငံအတွက် ဒုတိယမြောက် ရွှေတံဆိပ်ဆုကို ထပ်မံဆွတ်ခူးပေးခဲ့ပြန်ရာ မြန်မာ့အားကစားအဆင့်အတန်း မြင့်မားတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာ၌ ဂူရှူးအားကစားဖြင့် မြန်မာ့ဂုဏ်တက်အောင်၊ မြန်မာ့အားကစားမျှော်မှန်းချက် မြင့်မားအောင် မြှင့်တင်ပေးလိုက်ခြင်းပင် ဖြစ်သည်။

အားကစားအဆင့်အတန်း မြင့်မားခြင်းသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာ၊ ယဉ်ကျေးမှုအဆင့်အတန်းနှင့် နိုင်ငံတော်၏တိုးတက်ဖွံ့ဖြိုးမှုကို ထင်ဟပ်ဖော်ပြခြင်းပင် ဖြစ်သည်။ မြန်မာအားကစားသမားများကလည်း အားကစားအောင်နိုင်ခြင်းသည် နိုင်ငံဂုဏ်ကို တိုးတက်မြင့်မားစေသည်ဟု ခံယူပြီး နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် မြန်မာအားကစားအဖွဲ့များ အောင်ပန်းဆင်နိုင်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ရေကုန်ရေခန်း ကြိုးပမ်းကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာအားကစားမောင်မယ်များသည် အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ခွဲ၊ လုံ့လ၊ ဝီရိယဖြင့် ယှဉ်ပြိုင်အနိုင်ယူ အောင်ပွဲခံနိုင်ရေး ကြိုးပမ်းစွမ်းဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

၂၇-၁၁-၂၀၀၄

(စနေနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ဓမ္မာနုပဿနာ သတိပဋ္ဌာန်"**

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၄။ ချစ်သူစုံတွဲ တူယှဉ်နွဲ
၄:၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Functions and origins of psychological Testing. (တတိယနှစ်-စိတ်ပညာ)
၅:၃၅ ၁၀။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သပွတ်အူပမာ"**(အပိုင်း-၆)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြန်မာ့ရှုခင်း
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ English Premier League ဘောလုံးပွဲ Charlton Vs Chelsea

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



# ရွှေဘုန်းပွင့်စေတီတော်မသိုးသင်္ကန်းရက်ပြိုင်ပွဲနှင့် ရွှေကြာသင်္ကန်းကပ်လှူပွဲကျင်းပ ပြန်ကြားရေးဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီးဒေါ်ကြည်ကြည်ဝင်း ရွှေကြာသင်္ကန်းလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၆

**ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲအခမ်းအနားကို ယနေ့ တန်ဆောင်မုန်းလပြည့်(သာမညဖလအခါတော်နေ့) နံနက်၄နာရီတွင် အဆိုပါစေတီတော်ပရဝဏ်ရှိ ဓမ္မာရုံသစ်ကြီး၌ကျင်းပရာ ရွှေဘုန်းပွင့်စေတီတော်(၁၄)ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲနှင့် ရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပရေးနာယက ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့ တက်ရောက်ကြည်ညို၍ ဓမ္မာရုံသစ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မသိုးရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်သည်။**

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှဌာနဆိုင်ရာအကြီးအကဲများ၊ ရုံးအဖွဲ့မှူးနှင့်တာဝန်ရှိသူများ၊ ပုဇွန်တောင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စိုးနှင့် တာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးဆန်နီနှင့် အသင်းဝင်များ၊ အလှူရှင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဘုရားဖူးလာပရိသတ်များတက်ရောက်ကြည်ညိုကြသည်။

ယင်းနောက် ရွှေဘုန်းပွင့်စေတီတော်(၁၄)ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲနှင့်မသိုးရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပရေး နာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းဦးဆောင်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စိုးနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးဦးဆန်နီတို့က ဓမ္မာရုံသစ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလဆန်း၁၄ရက် ညနေပိုင်းမှ စတင်ရက်လုပ်သော မသိုးရွှေကြာသင်္ကန်းများကို ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ဆက်လက်၍ မြို့နယ်မှတာဝန်ရှိသူများ၊ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များနှင့်ဝတ်အသင်းများက ဓမ္မာရုံသစ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များ၊ဗုဒ္ဓစက်တော်ရာတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်များ၊ ဘုရားကြီးကိုးဆူတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား မသိုးရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ယင်းနောက် ရွှေဘုန်းပွင့်စေတီတော်(၁၄)ကြိမ်မြောက်မသိုးသင်္ကန်းရက်ခတ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ခေမာစင်တော်၊ ဒုတိယဆုရရှိသည့် ဂေါတမီစင်တော်နှင့်တတိယဆုရရှိသည့် မယ်တော်မာယာစင်တော်တို့အား ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း **(အပေါ်ပုံ)**က ဆုများ ချီးမြှင့်ပြီး ကျန်ဆုအသီးသီးကို တာဝန်ရှိသူများက ပေးအပ် ချီးမြှင့်ကြသည်။

ရန်ကုန် အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ (၁၄)ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၅ နာရီခွဲတွင် အဆိုပါစေတီတော်မြတ်ကြီးရှိ ဓမ္မာရုံသစ်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အကြံပေးပုဂ္ဂိုလ်ဦးတင်ခနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်နှင့် ရပ်ကွက်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ၊ ဘုရားဖူးလာပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းကိုယ်စား အကြံပေးပုဂ္ဂိုလ်ဦးတင်ခ၊ ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်မောင်စိုးနှင့် ရွှေဘုန်းပွင့်စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်တို့က မသိုးသင်္ကန်းရက်ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် အကြံပေးပုဂ္ဂိုလ် ဦးတင်ခနှင့် အဖွဲ့ဝင်များသည် ပပဝတီစင်တော်၊ မယ်တော်မာယာစင်တော်၊ သာမာဝတီစင်တော်၊ ဂေါတမီစင်တော်၊ သုဘဒ္ဒါစင်တော်၊ ဥပ္ပလဝဏ်စင်တော်၊ ဝိသာခါစင်တော်၊ ဓမ္မဒိန္နာစင်တော်၊ ခေမာစင်တော်နှင့် ယသော်ဓရာစင်တော်တို့မှ ပြိုင်ပွဲဝင်တို့၏ မသိုးသင်္ကန်းရက် ယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**(သတင်းစဉ်)**

# တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့
# တန်ခိုးကြီးဘုရားများ တွင်မသိုးသင်္ကန်းနှင့် ရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်း

## ဘုရားဖူးများဖြင့်စည်ကား



**တန်ဆောင်မုန်းလပြည့်နေ့က ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်တွင် ကုသိုလ်ပြုသူဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။**
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂၆

**ယနေ့သည် တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့ဖြစ်သည်။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ပထမသင်္ဂါယနာတင် ဒါယကာဖြစ်လာမည့် အဇာတသတ်မင်းအား ရဟန်းဘဝရခြင်း၏ အကျိုးများကို ဖော်ညွှန်းသည့် သာမညဖလသုတ္တန်ကို တန်ဆောင်မုန်းလပြည့်နေ့တွင် ဟောကြားတော်မူခဲ့သည်။ ရဟန်းဘဝရခြင်း၏အကျိုးကို ဖော်ညွှန်းသည့်နေ့ထူးနေ့မြတ်တွင် ပင့်သံဃာတော်များအား ဝိနည်းတော်ပြဋ္ဌာန်းချက်အချို့ကို ကင်းလွတ်ခွင့်ရရှိစေနိုင်သော 'ကထိနစီဝရ' ခေါ် 'ကထိန်သင်္ကန်း'ကို သတ်မှတ် ချက်များနှင့်အညီ လှူဒါန်းခွင့်ရရှိပေရာ ကထိန်လျာသင်္ကန်း ဆက်ကပ်ပူဇော်ပွဲများကိုလည်း ဝေဝေဆာဆာ ကျင်းပသောနေ့လည်းဖြစ်သည်။**

ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တထောင်၊ မဟာဝိဇယ၊ ကမ္ဘာအေး၊ စွယ်တော်မြတ်စေတီ (ရန်ကုန်)၊ မယ်လမု၊ ကျိုက္ကစံ၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီး၊ ရွှေဘုန်းပွင့်၊ မိုးကောင်း၊ လောကချမ်းသာ အဘယလာဘမုနိ စသည့် ဘုရား၊ စေတီတို့၌ မသိုးသင်္ကန်း၊ ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲများ၊ သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း၊ အမွှေးနံ့သာ ဆက်ကပ်လှူဒါန်းပွဲများ၊ ဗုဒ္ဓဒေသနာတော်ရွတ်ဖတ်ပူဇော်ပွဲများ၊ သာမညဖလအခါတော်နေ့ ပူဇော်ပွဲများ၊ ဒါနသီလဘာဝနာဆောက်တည် ကုသိုလ်ပြုပွဲများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရှိရသည်။



**တန်ဆောင်မုန်းလပြည့်နေ့က မဟာဝိဇယစေတီတော်တွင် ကုသိုလ်ပြုသူ ဘုရားဖူးပြည်သူများဖြင့် စည်ကားစွာတွေ့ရစဉ်။**
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

### ရွှေတိဂုံစေတီ

ထိုသို့ ကျင်းပကြရာတွင် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ယမန်နေ့တွင်ကျင်းပခဲ့သော အကြိမ် (၂၀)မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁နာရီတွင် စေတီတော်ရင်ပြင်ရာဟုထောင့်ရှိ အောင်မြေ၌ကျင်းပရာ ဂေါပကအဖွဲ့ဝင်များက ပထမဆုရရှိသော မြတ်လေးစင်တော်၊ ဒုတိယဆုရရှိသော ခတ္တာစင်တော်၊ တတိယဆုရရှိသော စကားဝါစင်တော်၊ စတုတ္ထဆုရရှိသော ပုန်းညက်စင်တော်၊ ပဉ္စမဆုရရှိသော ခွာညိုစင်တော်၊ ဆဋ္ဌမဆုရရှိသော သရဖီစင်တော်၊ သတ္တမဆုရရှိသော ယင်းမာစင်တော်၊ အဋ္ဌမဆုရရှိသော ကံ့ကော်စင်တော်နှင့် နဝမဆုရရှိသော သဇင်စင်တော်တို့အား ငွေဖလားနှင့် ဆုငွေများ ချီးမြှင့်ကြသည်။

ဆက်လက်၍ အရုဏ်တက်ချိန်တွင် အရှေ့ဘက်မုခ်ရှိ ကကုသန္ဓဗုဒ္ဓရုပ်ပွားတော်၊ တောင်ဘက်မုခ်ရှိ ကောဏာဂမန ဗုဒ္ဓရုပ်ပွားတော်၊ အနောက်ဘက်မုခ်ရှိ ကဿပဗုဒ္ဓရုပ်ပွားတော်၊ မြောက်ဘက်မုခ်ရှိ ဂေါတမဗုဒ္ဓရုပ်ပွားတော်၊ အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင်ရုပ်ပွားတော်၊ ဒေါ်ဒဂုံခင်ခင်လေး တန်ဆောင်းရှိ အတုလ ဇိန ဗုဒ္ဓရုပ်ပွားတော်၊ သုကကာရီတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား မသိုးသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရွှေတိဂုံစေတီတော်တွင် ယနေ့နံနက် အရုဏ်တက်ချိန်မှ စတင်၍ ညပိုင်းအထိ ကုသိုလ်ကောင်းမှု ပြုကြသူများ၊ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

### ဆူးလေစေတီ

အလားတူ ဆူးလေစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ရွှေကြာသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်၈နာရီတွင် စေတီတော်ရင်ပြင်၌ ကျင်းပရာ ရှေးဦးစွာ မြောက်ဘက်မုခ် အာရုံခံတန်ဆောင်း၌ အခမ်းအနား တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြပြီး ရွှေကြာသင်္ကန်းတော်များကို စေတီတော်အား လက်ယာရစ်သုံးကြိမ် လှည့်လည်ပူဇော်ပြီး စေတီတော်အရှေ့ဘက်မုခ်ရှိ ကကုသန္ဓ ဗုဒ္ဓရုပ်ပွားတော်၊တောင်ဘက်မုခ်ရှိကောဏာဂမန ရုပ်ပွားတော်၊ အနောက်ဘက်မုခ်ရှိ ကဿပဗုဒ္ဓရုပ်ပွားတော်၊ မြောက်ဘက် မုခ်ရှိ ဂေါတမဗုဒ္ဓရုပ်ပွားတော်၊ အတုလမာရ်အောင် ဗုဒ္ဓရုပ်ပွားတော်တို့အား ဂေါပကအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဗိုလ်မှူးကြီးတင်စိုးနှင့် အဖွဲ့ဝင်များက ရွှေကြာသင်္ကန်းတော်များကို ဆက်ကပ်လှူဒါန်းကြသည်။

မွန်းလွဲ ၁နာရီတွင် ကျက်သရေဆောင်ခန်းမ၌ ဝတ်အဖွဲ့များက ဝတ်ရွတ်ပူဇော်ကြသည်။

ဆူးလေစေတီတော်တွင်လည်း ကုသိုလ်ကောင်းမှုပြုကြသူများ၊ တရားဘာဝနာပွားများကြသူများ၊ ဥပုသ်သီလဆောက်တည်ကြသူများ၊ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများဖြင့် ယနေ့နံနက်ပိုင်းမှ ညပိုင်းအထိ စည်ကားလျက်ရှိသည်။

### ဗိုလ်တထောင်စေတီ

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးတွင်လည်း တန်ဆောင်မုန်းလဆန်း၁၄ရက် (ယမန်နေ့)ညနေပိုင်းမှ စတင်ရက်လုပ်သော မသိုးသင်္ကန်းများကို ဝိနည်းတော်နှင့်အညီချုပ်ခြင်း၊ ရွှေကြာများကပ်ခြင်းတို့ကို ဆောင်ရွက်ပြီးနောက် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များက စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ်လှည့်လည်ပူဇော်ပြီး ဆံတော်မြတ်နှင့် စေတီတော်ပရဝဏ်အတွင်းရှိ မြတ်စွာဘုရား ရုပ်ပွားဆင်းတုတော်များအား ယနေ့တန်ဆောင်မုန်းလပြည့်နေ့ အရုဏ်မတက်မီ မသိုးရွှေကြာသင်္ကန်းများ ဆက်ကပ်ပူဇော်ကြသည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် (ယနေ့) တန်ဆောင်မုန်းလပြည့်နေ့ အရုဏ်တက်ချိန်မှ ညပိုင်းအထိ ပန်း၊ ရေချမ်း၊ ဆီမီး ဆက်ကပ်လှူဒါန်းပူဇော်ကြသူများ၊ အလှူဒါနပွားများကြသူများ၊ တရားဘာဝနာ ပွားများကြသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိပြီး ညပိုင်းတွင် စေတီတော်မြတ်ကြီးအား တနင်္ဂနွေနေ့ သန့်ရှင်းရေးအသင်းက ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်သည်။

### ကမ္ဘာအေးစေတီ

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၆၆ခုနှစ် ကထိန်ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်၇နာရီတွင် စေတီတော်ဂန္ဓကုဋိတိုက်တော်အတွင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် ဝတ်အသင်းဝင်များက ကထိန်ရွှေကြာသင်္ကန်းတော်များကို ပင့်ဆောင်၍ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်အား လှည့်လည်ပူဇော်ကြသည်။

ထို့နောက် သီရိမင်္ဂလာ မဟာဇိနိန္ဒရုပ်ပွားတော်၊ကဿပရုပ်ပွားတော်၊ ကောဏာဂုံရုပ်ပွားတော်၊ ကကုသန်ရုပ်ပွားတော်၊ ဒီပင်္ကရာရုပ်ပွားတော်၊ ဂေါတမရုပ်ပွားတော်၊ နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်နှင့် ရုပ်တော်မူရုပ်ပွားတော် အဆူ၂၀နှင့် မဟာဗုဒ္ဓဝင် ရုပ်ပွားတော်အား ကပ်လှူမည့် ရွှေကြာသင်္ကန်းတော်များကို တာဝန်ရှိသူများနှင့် အလှူရှင်များက ပင့်ဆောင်ကပ်လှူပူဇော်ကြသည်။

### ရွတ်ဖတ်ပူဇော်

ထို့နောက် နံနက် ၈နာရီတွင် သာမညဖလအခါတော်နေ့ ဓမ္မပူဇာမင်္ဂလာအခမ်းအနားကို ကျင်းပရာ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးစိန်ဦးက သံဃာတော်နေ့၊ သာမညဖလ အခါတော်နေ့အကြောင်းကို ဓမ္မပူဇာမင်္ဂလာ ထောမနာစကားပြောကြားပြီး ဝတ်အသင်းများက သာမညဖလ အခါတော်နေ့ဆိုင်ရာ ပါဠိတော်များ၊ ရှစ်လုံးဖွဲ့ကဗျာများနှင့် ဆုတောင်းမေတ္တာပို့များ ရွတ်ဖတ် ပူဇော်ကြသည်။

### ကျိုက္ကစံဆံတော်ရှင်

ရန်ကုန် အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ်ရှိ သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင်စေတီတော်မြတ်ကြီးတွင် ယနေ့နံနက် အရုဏ်တက်အချိန်၌ မြန်မာ့ရိုးရာမပျက် (၂၅)ကြိမ်မြောက် မသိုးသင်္ကန်းရက်ယှဉ်ပြိုင်ပွဲတွင် အနိုင်ရရှိကြသော အသင်းများအား ဆုချီးမြှင့်ပွဲကျင်းပရာ ပွဲတော်ကျင်းပရေး ဗဟိုကော်မတီဝင်များနှင့် ဆုအလှူရှင်များက ဆုရရက်ကန်းစင်အသင်းများအား ဆုများအသီးသီး ချီးမြှင့်ကြပြီး ရက်ကန်းစင်ငါးစင်မှ ဝေယျာဝစ္စအသင်းဝင်များနှင့် ကျင်းပရေး ဗဟိုကော်မတီဝင်များက ထုတ်လုပ်ပြီး မသိုးသင်္ကန်းများကို စေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး စေတီတော်ဩဝါဒါ စရိယဆရာတော် ကျိုက္ကစံပထမရွှေကျင်တိုက် ဆရာတော် ဘဒ္ဒန္တသုမနက ဦးဆောင်၍ ဗုဒ္ဓရုပ်ပွားတော်မြတ် လေးဆူနှင့် ဓာတ်ပေါင်းစု ရုပ်ပွားတော်မြတ်တို့အား ကပ်လှူကြသည်။

### ကျိုက်ခေါက်စေတီ

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ် တန်ဆောင်တိုင်ဗုဒ္ဓပူဇနိယပွဲတော် (၂၃)ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲဖွင့်ပွဲကို ယမန်နေ့ ညနေ၅နာရီတွင် စေတီတော်ရင်ပြင်တန်ဆောင်း၌ကျင်းပရာ ညပိုင်းတွင် စေတီတော်ရင်ပြင် တန်ဆောင်းများ၌ စတုဒိသာ ကျွေးမွေးသူများ၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ ထို့နောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

တန်ဆောင်မုန်းလပြည့် (ယနေ့) နံနက် ၇နာရီတွင် စေတီတော် အရှေ့ဘက် ကြာကန်ဇရပ်ကြီး၌ မြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ ဆရာတော်သံဃာတော် ၂၃၂ ပါးတို့အား ပဒေသာပင်နှင့် ဆွမ်းဆန်စိမ်း လောင်းလှူကြသည်။

### လောကချမ်းသာအဘယလာဘမုနိ

အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အရုဏ်ဆွမ်း၊ ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို ဂေါပကအဖွဲ့ကကြီးမှူး၍ ယနေ့နံနက် ၅နာရီတွင် မင်းဓမ္မကုန်းတော် အာရုံခံတန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးရှိန်အောင်ဗိုလ်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များက ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ကြသည်။

### ကိုးထပ်ကြီးဘုရား

စမ်းချောင်းမြို့နယ်ရှိ အတုလ ဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရားကြီး၌ ညနေ၄နာရီတွင် ဝတ်အသင်းဝင်များက ဓမ္မဂီတနှင့် ရှစ်လုံးဖွဲ့ကဗျာများဖြင့် ရွတ်ဖတ်ပူဇော်ကြပြီး ပရိသတ်များက အလင်းရောင်တော် ကပ်လှူစာတမ်းကို သံပြိုင်ရွတ်ဆိုကြကာ ညပိုင်းတွင် ဖယောင်းတိုင် ကိုးထောင်ကိုးရာကိုးဆယ့်ကိုးတိုင်ကို ညှိထွန်းပူဇော်ကြသည်။ ဘုရားဖူးလာပြည်သူများအား မြန်မာ့ရိုးရာ အစားအစာများကို နိဗ္ဗာန်ဈေးအလှူအဖြစ် ပေးဝေလှူဒါန်းကြသည်။

ထို့အတူ ရန်ကုန်မြို့အတွင်း မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၌ ရပ်ကွက်များ၊ ဈေးများ၊ အနေးယာဉ်လုပ်သားများနှင့် စက်ရုံအလုပ်ရုံများ၏ စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာပွဲများကို ကျင်းပကြပြီး ရပ်ကွက်လမ်းများ၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ၊ နိဗ္ဗာန်ဈေးလှူဒါန်းပွဲများနှင့် ဓမ္မကထိက ဆရာတော်များ၏ တရားပွဲများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ကုသိုလ်အမှုပြုလျက်ရှိကြသည်ကို တွေ့ရှိရသည်။ **(သတင်းစဉ်)**

# မြို့တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာညီလာခံ ဗီယက်နမ်နိုင်ငံ ဟန်္နိုင်းမြို့တော်တွင် ဖွင့်လှစ်

ဟန်္နိုင်း နိုဝင်ဘာ ၂၅

**တတိယအကြိမ်မြောက် နိုင်ငံတကာ မြို့တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာ (စီဒီအက်စ်)ညီလာခံကို ဗီယက်နမ်နိုင်ငံ ဟန်္နိုင်းမြို့၌ ဗုဒ္ဓဟူးနေ့က ဖွင့်လှစ်ခဲ့သည်။**

**ဆွေးနွေး**

အဆိုပါညီလာခံသို့ တက်ရောက်လာသော နိုင်ငံနှင့် ဒေသ၂၅ခုမှ ကိုယ်စားလှယ်များသည် မြို့ပြကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**မျှဝေ**

မြို့တော်ဖွံ့ဖြိုးရေး အတွေ့အကြုံများ အထူးသဖြင့် ကမ္ဘာတစ်ဝန်းလုံးတွင် မြို့ပြတည်ဆောက်ရေး အတွေ့အကြုံများကို ဤညီလာခံ၌ မျှဝေကြပြီး မြို့ပြဒေသများတွင် ဆင်းရဲနွမ်းပါးမှုကို အကောင်းဆုံးစံပြဖြေရှင်းမည့် နည်းလမ်းကိုရှာကြံရန် ဗီယက်နမ် ဒုတိယဝန်ကြီးချုပ် ငုယင်တန်ဒန်က ပြောကြားသည်။

**လျှော့ချ**

မြို့ပြဖွံ့ဖြိုးတိုးတက်မှုကို ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဆက်စပ်ထားခြင်းသည် ဗီယက်နမ်နိုင်ငံအပါအဝင် နိုင်ငံအများအပြားတွင်ရှိသော မြို့ကြီးများ၏ မဟာဗျူဟာတစ်ရပ်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုင်တွယ်**

မြို့ပြဖွံ့ဖြိုးတိုးတက်မှု၌ ကိုင်တွယ်စီမံမှုတွင် မဟာဗျူဟာကျသော ဆုံးဖြတ်ချက်သည် ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားတွင် ယခုထိအများလက်ခံကျင့်သုံးသော မဟာဗျူဟာမဟုတ်သေးကြောင်း၊ မြို့ပြ ဆင်းရဲနွမ်းပါးမှုလျှော့ကျရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်သည့် ဆုံးဖြတ်ချက်ချမှတ်သော လုပ်ငန်းစဉ်တစ်ရပ်အဖြစ် စီဒီအက်စ် တိုးတက်ရေးကို မြို့တော်များက ကြိုးပမ်းထားကြောင်း မြို့တော်များ စီမံအုပ်ချုပ်ရေးမှူး မာ့ခ်ဟီလ်ဒီဘရင်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**



**လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပမည့် (၁၀)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးအတွက် ကွန်ပျူတာများ ချိတ်ဆက်ထားမှုကို နိုဝင်ဘာ ၂၃ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# တရုတ်-အာဆီယံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အရေးပါသောအခန်းကဏ္ဍ၌ တိုးမြှင့်လုပ်ဆောင်ခဲ့

ဖနောင်ပင် နိုဝင်ဘာ ၂၅

**တရုတ်နိုင်ငံနှင့် အာဆီယံတို့သည် အပြန်အလှန်ယုံကြည်မှုနှင့် လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ဒေသဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၌ အရေးပါသောအခန်းကဏ္ဍကို တိုးမြှင့်လုပ်ဆောင်ခဲ့ကြကြောင်း တရုတ် ဆက်သွယ်ရေးဝန်ကြီး ကျန်ချွန်ရှင်းက ဖနောင်ပင်မြို့၌ ဗုဒ္ဓဟူးနေ့က ပြောကြားသည်။**

ကျန်ချွန်ရှင်းသည် ဖနောင်ပင်၌ကျင်းပသော တတိယအကြိမ် အာဆီယံ-တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လျက်ရှိပြီး အာဆီယံ-တရုတ် နှစ်ဖက်စလုံး၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ကြိုးပမ်းအားထုတ်မှုများကို ချီးကျူး ပြောဆိုသည်။

**ဖွဲ့စည်းထား**

အာဆီယံ-တရုတ် ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုသည် ရှေ့ခြေလှမ်းတိုင်းတွင် ပို၍ကျစ်လျစ်ခိုင်မာလာလျက်ရှိပြီး လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ရပ်ကို ဖွဲ့စည်းထားကြောင်း ၎င်းက ပြောကြားသည်။

**အတည်ပြု**

အစည်းအဝေး၌ တက်ရောက်လာသော ဝန်ကြီးများသည် တရုတ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ(အမ်အိုယူ)ကို အတည်ပြုခဲ့ကြသည်။ အဆိုပါနားလည်မှု စာချွန်လွှာသည် နှစ်နိုင်ငံကြား အလယ်အလတ်သက်တမ်းမှ ရေရှည်သက်တမ်းထိ အခြေခံသော ပူးပေါင်းဆောင်ရွက်မှုတရားဝင်ဖြစ်လာမည်ဟု မစ္စတာကျန်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**




# ကမ္ဘာ့အကြီးဆုံး ဈေးလမ်းမကြီး စင်ကာပူတွင် တည်ဆောက်မည်

စင်ကာပူ နိုဝင်ဘာ ၂၆

**စင်ကာပူအစိုးရသည် စင်ကာပူနိုင်ငံ၏ အကျော်ကြားဆုံးသော ဈေးတန်းကြီးရှိရာ အော်ချတ်လမ်းကို အဆင့်မြှင့်တင်ခြင်းဖြင့် ဒေသတွင်း ခရီးသွားလုပ်ငန်း ထူးခြားနက်ရှိုင်းမှုရှိစေရန် ကြိုးပမ်းတည်ဆောက်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းများက ဖော်ပြသည်။**

ယင်းတီထွင်ဆန်းသစ်မှုသည် နိုင်ငံခြားဈေးဝယ်သူများအား ဆွဲဆောင်မှုရှိစေရန် ကြိုးပမ်းမှုအစိတ်အပိုင်းဖြစ်ကြောင်း စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုဝါရင့်ဝန်ကြီး ဗီဗီယန်ဘာလတ်ကစ်ရှ်နန်က ပြောကြားသည်။

**လူကြိုက်များ**

မိမိတို့သည် ယင်းလမ်းမကြီးကို ကမ္ဘာ့အကြီးဆုံး ဈေးလမ်းကြီးဖြစ်လာစေရန် လိုလားကြောင်း၊ ဒေသတွင်းရှိ မြို့ကြီးများသည် ရှန်ဟိုင်း၊ ကွာလာလမ်ပူနှင့် ဗန်ကောက်မြို့ကြီးများကဲ့သို့ ပို၍ပို၍ လူကြိုက်များလာစေလိုကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

**တိုးတက်ရေး**

အဆိုပါအစီအမံများတွင် မြေကွက်လပ်နေရာများဖော်ထုတ်ခြင်း၊ ယင်းလမ်းကြီးတစ်လျှောက် ကားရပ်နားရန် နေရာများ၊ လက်လီစတိုးဆိုင်များ နေရာချထားခြင်း၊ အခြေခံအဆောက်အအုံတိုးတက်ရေးတို့ ပါဝင်ပြီး အသေးစိတ် အချက်အလက်များ ဆက်လက်ထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**



**ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဟီတာချီမှ ထုတ်လုပ်သည့် အီလက်ထရွန်းနစ်စာရွက်ကို ဝန်ထမ်းတစ်ဦးက ပြသနေစဉ်။** (တစ်နေ့ ၂၄နာရီ အလုပ်များနေသူများအတွက် ယင်းအီလက်ထရွန်းနစ်စာရွက်ကို နံရံပေါ်တွင် ချိတ်ဆွဲပြီး အဝေးထိန်းကိရိယာသုံး၍ သတင်းအချက်အလက်များစုဆောင်းမှတ် တမ်းတင်ထားနိုင်ကြောင်း သိရသည်။)

**(ဓာတ်ပုံ-အင်တာနက်)**

# နွားနို့သောက်ခြင်းသည်နှလုံးရောဂါနှင့် လေဖြတ်ခြင်းဖြစ်ပွားမှု လျော့နည်းစေ

**မဲလ်ဘုန်း နိုဝင်ဘာ ၂၆**

နွားနို့သောက်ခြင်းသည် လူအချို့ပြောဆိုနေသကဲ့သို့ ကျန်းမာရေးကို မထိခိုက်စေကြောင်း၊ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မဲလ်ဘုန်း၌ ကျင်းပသော ကမ္ဘာ့အာဟာရထိပ်သီး အစည်းအဝေး၌ အင်္ဂါနေ့ကထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြထားသည်။

**အစီရင်ခံဖော်ပြ**

ယင်းသို့ နွားနို့သောက်ခြင်းသည် နှလုံးရောဂါနှင့်လေဖြတ်ခြင်းကိုသိသိသာသာ လျော့နည်း စေမည်ဖြစ်ကြောင်းလည်း အစီရင်ခံစာ၌ ဖော်ပြထားသည်။

**အထောက်အထားမတွေ့ရ**

လေ့လာချက်တွင် အကြောင်းအရာ ၄၀၀၀၀၀ ပါဝင်ပြီး နွားနို့သောက်ခြင်းမှ ရောဂါဖြစ်သူ ပိုများလာသည်ဆိုသော အထောက်အထားမတွေ့ရဟု ဆိုသည်။

ယင်းလေးရက်ကြာ နှစ်ပတ်လည် ထိပ်သီးအစည်းအဝေးသို့ နိုင်ငံနှင့်ဒေသ ၃၀ မှ ကိုယ်စားလှယ် ၇၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# နိုဝင်ဘာ ၂၅ရက်အထိ အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၂၃၀ ရှိပြီ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၆

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော် တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက် ရှိကြသည်။**

နိုဝင်ဘာ ၂၅ရက် ကြာသပတေးနေ့၌ အမေရိကန် ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၂၃၀ ရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၉၆၁ဦးမှာ တိုက်ပွဲ၌ သေဆုံးခဲ့ကြသည်။ ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၇၄ဦး၊ အီတလီ ၁၉ဦး၊ စပိန် ၁၁ဦး၊ ဘူဂေးရီးယား ခုနစ်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ကိုးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန် နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ ဟန်ဂေရီ၊ လတ်ဗီးယား တို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၀၉၂ ဦးဖြစ်ပြီး ယင်းအနက် ၈၅၂ ဦးမှာ တိုက်ပွဲ၌သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

# ကျေးလက်လမ်းပန်းဆက်သွယ်မှုချောမွေ့ကောင်းမွန်ရေးနှင့် ကျေးလက်သောက်သုံးရေရရှိရေးဆောင်ရွက်ရန် နိုင်ငံတော်ကတာဝန်ပေးထား စီမံကိန်းများအကောင်အထည်ဖော်ရာတွင် နိုင်ငံတော်ထောက်ပံ့ငွေ၊ စည်ပင်သာယာရန်ပုံငွေအပြင် ပြည်သူများဝိုင်းဝန်းကူညီနေ

✡ *ကျော့ဖုံးမှ*

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## သောက်သုံးရေရရှိရေး

အခမ်းအနားတွင် ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို ရှင်းလင်း တင်ပြရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနကွပ်ကဲမှုအောက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၈၆ ဖွဲ့၊ မြို့စည်ပင်သာယာရေးအဖွဲ့ ၅၉ ဖွဲ့တို့မှ မြို့ပြနှင့် ကျေးလက်စည်ပင်သာယာရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရေခက်ခဲသော အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ၈၀၄၂ ရွာအနက် ကျေးရွာ ၆၀၇၈ ရွာအား သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်နိုင်ခဲ့သဖြင့် ၇၆ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ အခြား ပြည်နယ်နှင့်တိုင်း ၁၄ ခုရှိ ကျေးရွာပေါင်း ၁၅၁၈၃ ရွာအနက် ၂၀၀၄ ခုနှစ် အောက်တိုဘာလကုန်အထိ ကျေးရွာပေါင်း ၆၀၉၈ ရွာအား သန့်ရှင်းသော သောက်သုံးရေ ရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း။

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးလုပ်ငန်းများ အရှိန်အဟုန်ပိုမိုမြင့်မားလာခြင်းမှာလည်း စေတနာရှင်များ ပူးပေါင်းပါဝင်လာမှုကြောင့်ဖြစ်ကြောင်း။

ပထမအကြိမ်မှ အဌမအကြိမ်အထိ စုစုပေါင်းအလှူရှင် ၁၂၀၃ ဦးမှ ငွေကျပ် ၉၃၃၀ ဒသမ ၃၂၄၁ သိန်း၊ အမေရိကန်ဒေါ်လာ ၆၈၂၂၂၊ ယူရိုငွေ ၇၇၀၊ အက်ဖ်အီးစီ ၁၀၀၁၂ တို့ လှူဒါန်း ရရှိခဲ့ကြောင်း၊ ဖော်ပြပါ လှူဒါန်းငွေများဖြင့် တွင်းပေါင်း ၁၄၉၈ တွင်း တူးဖော်ပေးခဲ့ကြောင်း။

ယခု နဝမအကြိမ်တွင် အလှူရှင် ၁၃၂ ဦးမှ ငွေကျပ် ၁၂၀၀ ဒသမ ၃၅ သိန်းနှင့် အမေရိကန်ဒေါ်လာ ၂၀၃၀ လာရောက်လှူဒါန်းခဲ့ကြကြောင်း။

ယင်းအပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များကလည်း ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ပြည်တွင်းသာမက နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ Japan International Cooperation Agency (JICA) မှ ယခုအချိန်အထိ စက်ရေတွင်းပေါင်း ၁၂၉ တွင်းနှင့် မြို့နယ် ၁၁ မြို့နယ်တွင် တွင်းနက် ၂၂ တွင်း တူးဖော် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ အာရှ-ဂျပန် ပေါင်းကူးအဖွဲ့ Bridge Asia Japan (BAJ)မှ ပုဂံ ညောင်ဦးနှင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်း စက်ရေတွင်း တွင်းနက်ပေါင်း ၆၈ တွင်းအား တူးဖော်ပေးခဲ့ကြောင်း။

### လှူဒါန်းနိုင်

ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့(UNICEF)မှလည်း အပူပိုင်းဒေသ ကျေးလက်ရေရရှိရေးလုပ်ငန်းပေါင်း ၄၂၀ ခုအား ဆောင်ရွက်ပေးခဲ့ကြောင်း။

တိုင်းသုံးတိုင်းရှိ တူးဖော်ပြီးသော စက်ရေတွင်းများမှာ နိုင်ငံတော်ထောက်ပံ့ငွေ၊ စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ၊ စေတနာရှင် ပြည်သူများမှ လှူဒါန်းငွေ၊ အခြားအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ကျေးရွာပေါင်း၆၀၇၈ရွာတွင် တွင်းတိမ်၊ တွင်းနက် စုစုပေါင်း ၇၃၇၄ တွင်း တူးဖော်ပြီးစီးပြီး ဖြစ်သည့်အတွက် ဆက်လက်တူးဖော်ရန် ပေ ၄၀၀ အထက် တွင်းနက်များသာ အများဆုံး ဆောင်ရွက်ပေးရန် ကျန်ရှိနေသဖြင့် အလှူရှင်များအနေဖြင့် တွင်းနက်များ တူးဖော်နိုင်ရေးအတွက် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ ဖြစ်စေ လှူဒါန်းပေးပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း။

ကျေးလက်ရေရရှိရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိရာ မြို့နယ် ရစ်ခုမှာ မြို့နယ်လုံးကျွတ် ကျေးရွာအားလုံး သန့်ရှင်းသော သောက်သုံးရေ ရရှိပြီးဖြစ်ကြောင်း၊ အဆိုပါမြို့နယ်များမှ ကျေးရွာတိုင်း တစ်ရွာလျှင် စက်ရေတွင်းတစ်တွင်းနှုန်းဖြင့် သန့်ရှင်းသော သောက်သုံးရေ ရရှိပြီးဖြစ်သော်လည်း နေ့စဉ်တိုးတက်လာသော လူဦးရေနှင့်အညီ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း။

### စက်ရေတွင်းများဖြင့်

ထို့အတူ မကြာမီကာလ အတောအတွင်းမှာလည်း ခင်ဦးမြို့နယ်၊ မြောင်းမြမြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ ဆောမြို့နယ်၊ သာစည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ အမရပူရမြို့နယ်နှင့် တံတားဦးမြို့နယ်များတွင်လည်း မြို့နယ်လုံးကျွတ် ကျေးရွာများအားလုံး သန့်ရှင်းသော သောက်သုံးရေ ရရှိတော့မည်ဖြစ်ကြောင်း။

အလှူရှင်များ၏ လှူဒါန်းငွေဖြင့် စက်ရေတွင်းများ တူးဖော်ပေးပြီး ကမ္ပည်းကျောက်စာများ ရေးထိုးပေးခဲ့ပြီး စက်ရေတွင်းဖွင့်ပွဲများလည်း ကျင်းပပြုလုပ်ပေးခဲ့ကြောင်း။

အလှူရှင်များ၏ စေတနာကြောင့် ရေရရှိပြီးဖြစ်သော ကျေးရွာလူထုအမျိုးသမီးများ အမျိုးစုတို့မှာ နေ့စဉ်နှင့်အမျှ ရေရရှိရေးအတွက် စဉ်းစားရန်းကန်နေရသည့် လူမှုရေးဒုက္ခများမှ ကင်းဝေးသွားပြီဖြစ်ကြောင်း၊ ထို့အတူ အလှူရှင်များအနေဖြင့် ဝမ်းသာပီတိဖြစ်ပြီး ရေအကျိုး ၁၀ ပါးကို ဘဝဆက်တိုင်း မတောင်းဘဲ ရရှိနိုင်ပါစေလို့လည်း ဆုတောင်းမေတ္တာ ပို့သအပ်ပါကြောင်းဖြင့် ပြောကြားသည်။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသန်းလွင် လှူဒါန်းငွေကျပ် သိန်း၅၀ကို လက်ခံစဉ်။ (သတင်းစဉ်)

### ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်ထံ ကာကွယ်ရေးဝန်ကြီးဌာနက ငွေကျပ် ၁၀ သိန်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်က ငွေကျပ် ၆၃ သိန်း၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းက ငွေကျပ် ၂၅ သိန်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ် ၁၀ သိန်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ်၁၀သိန်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်မှ ဝန်ထမ်းများနှင့် ပြည်နယ်နှင့်တိုင်း ဒေသ ညှိနှိုင်းရေးမှူးများက ငွေကျပ် ၂၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးထံ မြန်မာနိုင်ငံ ငါးမွေးမြူရေး လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသန်းလွင်က ငွေကျပ် သိန်း ၅၀၊ Max Myanmar Co., Ltd. က ငွေကျပ် သိန်း ၃၀၊ Waterwork°°EngineeringGroup Co., Ltd. က ငွေကျပ်၂၅ သိန်း၊ မိုးကြယ်စင်ကုမ္ပဏီက ငွေကျပ် သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ယုဇနဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က ငွေကျပ် သိန်း ၂၀၊ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်က ငွေကျပ် သိန်း ၃၀၊ Golden Flower Co., Ltd.၊ (နောင်တံ့ကုမ္ပဏီ)၊ T.Z.T.Mကုမ္ပဏီ၊ KAF ကုမ္ပဏီနှင့် ဦးဇော်ဝင်း (အရဏ်ဦးဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်)တို့က ငွေကျပ် သိန်း ၂၀စီကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်ထံ ဦးမြင့်ရွှေ (ရွှေဘုရင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်)၊အောင်ကောင်းကျော်ကုမ္ပဏီ၊ ကူစ္စိတံကုမ္ပဏီ၊ W.H.K ကုမ္ပဏီလီမိတက်၊ ဦးတင့်ဆန်း-ဒေါက်တာ ဒေါ်ဌေးဌေးငြိမ်း (အေစီအီးဆောက်လုပ်ရေး ကုမ္ပဏီ)၊ Aspidin ကုမ္ပဏီ၊မြန်မာ့အလှကုမ္ပဏီ၊တက်လမ်းကုမ္ပဏီ၊ ရတနာစိန်သရဖူကုမ္ပဏီနှင့် ဒိုင်းမွန်းမာကျူရီ ကုမ္ပဏီတို့က ငွေကျပ်သိန်း ၂၀စီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းထံ ဒဂုံ အင်တာနေရှင်နယ်ကုမ္ပဏီ၊ ယူနီဗာဆယ်ကုမ္ပဏီနှင့် ဦးသိန်းဟန် (Tokyo Pipe ) က ငွေကျပ် သိန်း ၂၀ စီ၊ တရားရုံးချုပ်ရှေ့နေ ဦးကျား-ဒေါ်အုန်းခင်နှင့် မိသားစုက ငွေကျပ် ၁၆၅၀၀၀၀၊ ဦးဝင်းမောင်သိန်း-ဒေါ်နန်းစန္ဒာဝင်း မိသားစုက ငွေကျပ် ၁၂၈၀၀၀၀၊ ဦးစိန်ကွန်း၊ သမီး ဒေါ်ချိုချိုမာ မိသားစု၊ဒေါ်ကျင်ချိန်(နဝရတ်ရွှေဇာမဏီ ကျောက်မျက်ကုမ္ပဏီ)နှင့် ဗိုလ်မှူးသိန်းဟန် (ငြိမ်း)-ဒေါ်မြမြဟန် မိသားစုတို့က ငွေကျပ် ၁၀ သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်ထံ ဦးဘိုအုန်းနှင့် ဇနီး ဒေါ်ခင်စိန် မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဆရာသိဒ္ဓိဝင်းနှင့် ခုနစ်ရက်သားသမီးများ၊ဦးကြည်ညွန့်-ဒေါ်အေးအေး မိသားစု၊ ဦးသိဟ-ဒေါ်မြမြအေးမိသားစု၊ဗိုလ်မှူးတင်မောင်ရီ (ငြိမ်း)-ဒေါ်ခင်စန်းမြင့် မိသားစုနှင့် ဦးအောင်အောင် - ဒေါ်တင်မာချို မိသားစုတို့က ငွေကျပ် ၇၅၀၀၀၀ စီ၊ ဦးဘစန်းလှ-ဒေါ်ရီရီစန်း မိသားစုက ငွေကျပ် ၅၇၅၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံထံ ဒေါက်တာစိုးထွန်း-ဒေါ်ခင်မျိုးနွယ် မိသားစု၊ ကပ္ပတိန်သန်းနိုင်-ဒေါ်သန်းသန်းအေး မိသားစု၊ ကွယ်လွန်သူမိဘများအားရည်စူး၍ သား ဦးတင်မောင်ထွန်း-ဒေါ်ဝင်းရီ မိသားစု၊ ဦးကျော်မြင့် (ညွှန်ကြားရေးမှူးချုပ်၊ စက်မှုညွှန်ကြားရေးဦးစီးဌာန) - ဒေါက်တာဒေါ်ခင်ဝင်း မိသားစု၊ ဒုတိယဗိုလ်မှူးကြီးမျိုးဝင်း(ငြိမ်း) - ဒေါ်ခင်ခင်တော် မိသားစု၊ ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦး မိသားစုနှင့် ဦးတန်ထျန်ပိုတို့က ငွေကျပ် ငါးသိန်းစီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါထံ ဒေါ်လွင်လွင်တင်ဦး၊ ဒေါ်လှလှမြင့် မိသားစု၊ ဒေါ်ကျင်တွာမိသားစု၊ ကိုမျိုးဇော်-မနှင်းနွယ်လှိုင် မိသားစု၊ ဒုတိယဗိုလ်မှူးကြီးဟန်တင် (အထွေထွေမန်နေဂျာ)နှင့်အဖွဲ့၊ ဦးကျော်ကျော်သက်-ဒေါ်ဖြူလှဝင်း မိသားစု၊ MWEP Co., Ltd.နှင့် ဦးဘဆိုင်-ဒေါ်လှဘီ မိသားစုတို့က ငွေကျပ် ငါးသိန်းစီနှင့် ဦးမြင့်သိန်း (အကြီးတန်းအကောက်ခွန်မှူး၊ အငြိမ်းစား)-ဒေါ်သီသီခိုင် မိသားစုက ငွေကျပ် ၄၆၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းထံ ဗိုလ်မှူးမောင်အေး (ငြိမ်း)-ဒေါ်ရှုကြည် မိသားစု၊ ကွယ်လွန်သူ ဦးသင်းမောင်(သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)အား ရည်စူး၍ ညီမ ဒေါ်အုန်းကြွယ် မိသားစု၊ ဒေါ်မြမြကြွေ (စံလှစာပေ) နှင့် မိသားစု၊ ဦးအောင်သက် - ဒေါ်သင်းလဲ့မော် မိသားစု၊ဦးဇော်-ဒေါ်ရီရီအေး မိသားစု၊ ဦးထွန်းရီ-ဒေါ်အမာမိသားစုနှင့် မြန်မာ့စီးပွားရေးဘဏ် အထွေထွေမန်နေဂျာ ဦးအောင်မြင့်နှင့် ဇနီး ဒေါ်မေဝင်းကြူ မိသားစုတို့က ငွေကျပ် ၂၅၀၀၀၀ စီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေထံ စာရေးဆရာမောင်ခေတ်ထွန်းနှင့် ဇနီး ဒေါ်မြင့်မြင့်ရီ မိသားစု၊ ကွယ်လွန်သူ မိဘများအား ရည်စူး၍ သမီး ဒေါ်မာမာအေး မိသားစု၊ ကွယ်လွန်သူ ဗိုလ်မှူးကြီးလှမြင့်နှင့်ညီမ ဒေါ်မေအောင်တို့အား ရည်စူး၍ ဒေါ်မြင့်မြင့်ဝင်းနှင့် မိသားစု၊ ကွယ်လွန်သူ မိခင်ကြီးအား ရည်စူး၍ သမီးကြီး ဒေါ်ခင်ဝင်းမော်နှင့် သမီးငယ် ဒေါ်ခင်အေးဝင်း၊ သားကြီး ဝဏ္ဏကျော်ဝင်း - ဒေါ်ခင်မာလာ၊ သားငယ် ဇလကျော်ဝင်း မိသားစု၊ ဗိုလ်မှူးသက်လှိုင် - ဒေါ်မွန်မွန်ချို မိသားစု၊ ဦးစိုးတင့်-ဒေါ်အေးသီတာ၊ ဦးတင်ဝင်း-ဒေါ်စန်းစန်းနွယ်မိသားစုနှင့်

***စာမျက်နှာ ၁၂ သို့***

## ကျေးလက်ဒေသ သောက်သုံးရေဖူလုံရေး လှူဒါန်းနိုင်

**ရန်ကုန် နိုဝင်ဘာ ၂၆**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းများရှိ ရွေးချယ်ပါသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရွေးချယ်ပါသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်း အနက်ပေ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ်၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက် ပေ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ်၅၀၀၀၀၀၊ လေးလက်မစက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

### ဆက်သွယ်လှူဒါန်းနိုင်

စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၅ ၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း-၀၁-၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၁၀၁၂၊ ညွှန်ကြားရေးမှူး (မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

**(နယ်စပ်/စည်ပင်)**



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင် မိသားစုတို့၏ ကိုယ်စား ဦးကြိုင်စန်းရွှေနှင့်ဇနီး ဗိုလ်မှူး ဒေါ်ခင်ဝင်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့က ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်းရှိ မဟာပုညောပကာရမ္မာရုံ ရေစက်ချလှူဒါန်းပွဲအခမ်းအနားတွင် ဆရာတော် သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

# ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက် မဟာပုညောပကာရမ္မာရုံ ရေစက်ချလှူဒါန်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် သားသမီး မြေးတစ်စုတို့က ဦးစီး၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် သာသနာပြု ဒါယကာ၊ ဒါယိကာမများ စုပေါင်းဆောက်လုပ်လှူဒါန်းသည့် ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်းရှိ မဟာပုညောပကာရမ္မာရုံ ရေစက်ချလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် အဆိုပါမဟာပုညောပကာရမ္မာရုံအတွင်း၌ ကျင်းပသည်။**

## တက်ရောက်ကြည်ညို

အခမ်းအနားသို့ ကြည့်မြင်တိုင်မြို့နယ် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ သာစုကျောင်းတိုက် တိုက်အုပ် ဆရာတော် ဘဒ္ဒန္တဥက္ကံသအမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုတို့၏ကိုယ်စား ဦးကြိုင်စန်းရွှေနှင့် ဇနီး ဗိုလ်မှူးဒေါ်ခင်ဝင်းစိန်မိသားစု၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ၊အလှူရှင်များနှင့် ဝတ်အသင်းအဖွဲ့ဝင်များ တက်ရောက် ကြည်ညိုကြသည်။

အခမ်းအနားမစတင်မီနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ မိသားစုဝင်များ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များသည် ကျောင်းကြီးတိုက်အတွင်း၌ ကိန်းဝပ်စံပယ်လျက်ရှိသည့် မဟာသကျမုနိ ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက်အခမ်းအနားကို မဟာပုညောပကာရ ဓမ္မာရုံအတွင်း၌ ကျင်းပရာ အခမ်းအနားမှူးအဖြစ် ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာနမှူး ဦးစံသင်းလှိုင်က ဆောင်ရွက်ပြီး အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

## ကိုးပါးသီလခံယူဆောက်တည်

ထို့နောက် ကြည့်မြင်တိုင်မြို့နယ် မြို့နယ်သံဃနာယကဖွဲ့ဥက္ကဋ္ဌ သာစုကျောင်းတိုက် တိုက်အုပ် ဆရာတော် ဘဒ္ဒန္တဥက္ကံသထံမှနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ မိသားစုဝင်များ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများ၊ ဧည့်ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ ပရိသတ်များက ဆရာတော် သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

## ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုတို့၏ ကိုယ်စား ဦးကြိုင်စန်းရွှေနှင့်ဇနီး ဗိုလ်မှူး ဒေါ်ခင်ဝင်းစိန်တို့က ဆရာတော် ဘဒ္ဒန္တဥက္ကံသအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးနှင့်တာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

## ရေစက်သွန်းချအမျှဝေ

ထို့နောက် ကြည့်မြင်တိုင်မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ သာစုကျောင်းတိုက် တိုက်အုပ် ဆရာတော် ဘဒ္ဒန္တဥက္ကံသထံမှ ဧည့်ပရိသတ်များက ရေစက်ချအနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

## နေ့ဆွမ်းဆက်ကပ်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင် မိသားစုတို့၏ ကိုယ်စား ဦးကြိုင်စန်းရွှေနှင့်ဇနီး ဗိုလ်မှူး ဒေါ်ခင်ဝင်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့က ဆရာတော် သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**

## ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံအတွက် ကြိုဆိုပို့ဆောင်ရေးမော်တော်ယာဉ်ကုသိုလ်အလှူရှင်များဖိတ်ခေါ်ခြင်း

၁။ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသဏလိုဏ်ဂူတော်ကြီးတွင် ၉-၁၂-၂၀၀၄ ရက်နေ့မှ ၁၁-၁၂-၂၀၀၄ရက်နေ့အထိ ကျင်းပပြုလုပ်မည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ ကြွရောက်တော်မူလာမည့် ပြည်ပနိုင်ငံများမှ အဖွဲ့ခေါင်းဆောင်ဆရာတော် ၃၅ ပါးအတွက် တစ်ပါးစီအသုံးပြုရန် ဆလွန်း(1995 Model)မော်တော်ယာဉ်၃၅စီးကို ခေတ္တအသုံးပြုခွင့် အကူအညီပေးလှူဒါန်းမည့်အလှူရှင်များ လိုအပ်လျက်ရှိပါသည်။

၂။ မော်တော်ယာဉ်သုံးစွဲခွင့်လှူဒါန်းရမည့်ကာလမှာ စုစုပေါင်းရှစ်ရက်(၇-၁၂-၂၀၀၄ရက်နေ့မှ ၁၄-၁၂-၂၀၀၄ ရက်နေ့အထိ)ဖြစ်ပြီး အဆိုပါယာဉ်များ၏ စက်သုံးဆီနှင့် အုပ်ချုပ်မှုကိစ္စကို ကြိုဆိုပို့ဆောင်ရေးဆပ်ကော်မတီက တာဝန်ယူပါမည်။ လှူဒါန်းလိုသူအလှူရှင်များသည် အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်၍ ကြိုတင်ကြို့ခဲ ကုသိုလ်ရယူလှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

| | | |
|---|---|---|
| **(က) ဦးလှသောင်းမြင့်** | **ညွှန်ကြားရေးမှူးချုပ်<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန** | **ဖုန်း-၅၇၁၀၀၉** |
| **(ခ) ဒေါ်ခင်ခင်ဝင်း** | **ညွှန်ကြားရေးမှူး<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန** | **ဖုန်း-၅၇၃၁၀၅** |
| **(ဂ) ဦးမြင့်မော်** | **ညွှန်ကြားရေးမှူး<br>ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန** | **ဖုန်း-၂၉၅၁၇၃** |

**ကြိုဆိုပို့ဆောင်ရေးဆပ်ကော်မတီ။**



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် သားသမီး မြေးတစ်စုတို့က ဦးစီး၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် သာသနာပြု ဒါယကာ၊ ဒါယိကာမများ စုပေါင်းဆောက်လုပ်လှူဒါန်းသည့် ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်းရှိ မဟာပုညောပကာရမ္မာရုံကို တွေ့ရစဉ်။** (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား

၂၇-၁၁-၂၀၀၄ (စနေနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယော)ဆရာတော်ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ အကပြိုင်ပွဲ
၈:၀၀ ၇။ တေးဂီတအစီအစဉ်
၈:၁၅ ၈။ ထပ်ဆင့်အောင်ပွဲ ဇရာဝတီ တံတား(ဒေးဒရဲ)
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Grammar Made Easy
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၅၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"**(အပိုင်း-၄၇)
၁၃:၃၅ ၇။ ထက်မြက်ထူးချွန် ပညာရည်မွန် (အပိုင်း-၂)
၁၃:၄၅ ၈။ **လောကနီတိ(၄) "လှပခြင်း၏ အဓိပ္ပာယ်"** (အကယ်ဒမီဇင်ဝိုင်း၊ နိုင်းနိုင်း၊ ခိုင်နှင်းဝေ၊ စုချစ်ဇော်) (ဒါရိုက်တာ-ဦးခင်ဇော်)
၁၄:၂၅ ၉။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၁၄:၃၅ ၁၀။ ဟင်းရွက်ရေလှောင်တမံ
၁၄:၄၅ ၁၁။ International News
၁၅:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English For Everyday Use
၁၆:၄၅ ၄။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ)(သတ္တဗေဒ)
၁၇:၁၅ ၆။ နားဝင်ပီယံသူ့လက်သံ
၁၇:၂၅ ၇။ တန်ဆောင်တိုင်တေးများ
၁၇:၃၅ ၈။ မြန်မာစာ၊မြန်မာစကား
၁၇:၅၀ ၉။ တေးဂီတအစီအစဉ်
၁၈:၀၅ ၁၀။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၈:၃၀ ၁၁။ ညနေခင်းသတင်း
၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၃။ Discovery
၁၉:၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်"**(အပိုင်း-၃၅)
၁၉:၄၀ ၁၅။ တေးဂီတအစီအစဉ်
၁၆။ စစ်တောင်းရေအလျဉ် တည်ကာထိန်း ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မေတ္တာသည် ဆန်းကြယ်လှသည်"**(အပိုင်း-၂၀)
၂၁။ နောက်တစ်နေ့အစီအစဉ်

## နိုင်ငံတော်အစိုးရရုံးပိတ်ရက် မော်တော်ယာဉ်များမသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလအတွက်**

**နောက်ဆုံးပတ် (တနင်္ဂနွေနေ့) ၂၈-၁၁-၂၀၀၄ရက်နေ့**

**၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလအတွက်**

**(၁၂-၁၂-၂၀၀၄)ရက်နေ့ နှင့် (၂၆-၁၂-၂၀၀၄)ရက်နေ့**





နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့က ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) နဝမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် လာဘမုဒြာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့က ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) နဝမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဝရဒမုဒြာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့ ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) နဝမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဥတ္တရဗောဓိမုဒြာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့က ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) နဝမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မဟာကရုဏာမုဒြာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း တို့က ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်) နဝမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာ တင်ပွဲ၊ ရွှေကြာ သင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဈာနမုဒြာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရွှေကြာ သင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

## တက်ရောက်ကြည်ညို

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃ မဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋက ကောဝိဒဆရာတော်များ၊ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်မှ ဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် နာယကချုပ်ဆရာတော်၊ ရန်ကုန်တိုင်း ဂိုဏ်းပေါင်းစုံ သံဃနာယက ဥက္ကဋ္ဌ ဆရာတော်များ၊ ထေရဝါဒ ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့် ပင့်ဖိတ်တော်မူထားသည့် ဆရာတော်များ စုစုပေါင်း ၄၅ ပါး ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း၊ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင်

***စာမျက်နှာ ၈ ကော်လံ ၁ သို့***



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) နဝမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား အရဏ်ဆွမ်းနှင့် သစ်သီးများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

များ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများက ဆရာတော်သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ အခမ်းအနားကို နံနက် ၆ နာရီတွင် စတင်ကျင်းပရာ အခမ်းအနားမှူးအဖြစ် အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်က ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားသည်။

အစီအစဉ်အရ စွယ်တော်မြတ်စေတီတော်ရှိ မုဒြာကိုးပါး ဗုဒ္ဓရုပ်ပွားဆင်းတုတော်များနှင့် စွယ်တော်မြတ်စေတီတော်အား ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ယင်းနောက် အလှူတော်မင်္ဂလာ ရေစက်ချပွဲနှင့် ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားကို ကျင်းပရာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

## ကိုးပါးသီလခံယူဆောက်တည်

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အောင်မြေဘုံစံဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) နဝမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။ (သတင်းစဉ်)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် ဝရဒါဌာ ဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) နဝမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ရွှေကြာ သင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။ (သတင်းစဉ်)



နိုင်ငံတော်အေး ချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင် စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့က ဝရဒါ ဌာ ဓာ တုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) နဝမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲတွင် ဆရာတော်ထံ ကထိန်သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)နှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး နှင့်ဇနီး၊ အစိုးရ အဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယ မြို့တော်ဝန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြား ရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ စွယ်တော်မြတ်စေတီတော် ဗုဒ္ဓပူဇနီယ ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ စွယ်တော်မြတ်စေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် တို့သည် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များနှင့် စွယ်တော်မြတ်စေတီတော်အား အရဏ်ဆွမ်းနှင့် သစ်သီးများ ဆက်ကပ်လှူဒါန်းပြီး ပင့်သံဃာတော်များအား အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

## အရဏ်ဆွမ်းဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင်

## လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏

ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးနှင့် အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများက ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ အနုမောဒနာတရားနာကြားကြပြီးလှူဒါန်းမှုအစုစုတို့အတွက်ရေစက်သွန်းချ အမျှပေးဝေကြသည်။

## ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့က ဓမ္မစက္ကမုဒြာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ် စေတီတော်(ရန်ကုန်) နဝမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေး ဆရာတော် ဘဒ္ဒန္တကုမာရထံမှ အနုမောဒနာ တရားနာယူပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။** (သတင်းစဉ်)





**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) နဝမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။** (သတင်းစဉ်)





## လှူဖွယ်ဝတ္ထုပစ္စည်း လောင်းလှူ

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်) နဝမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။** (သတင်းစဉ်)

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့က ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) နဝမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲတွင် ဆရာတော်ထံ ကထိန်သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့က ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) နဝမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဆရာတော်ထံ ကထိန်သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



# အစိုးရနဲ့လူပုဂ္ဂိုလ်ဆိုတာ ကျင့်သုံးတဲ့တရားရဲ့အဖန်ဆင်းခံသာဖြစ်တယ်

အောင်မိုးစံ

အစိုးရတစ်ရပ်ဟာ ဘယ်လိုအစိုးရမျိုးလဲဆိုတာကို အဲဒီအစိုးရကိုင်စွဲကျင့်သုံးတဲ့ တရား(ဝါ) မူဝါဒနဲ့ ဆုံးဖြတ်ရပါတယ်။ ဗဟိုက ချုပ်ကိုင်တဲ့ဆိုရှယ်လစ်စီးပွားရေးစနစ်မူဝါဒလား၊ ဈေးကွက်စီးပွားရေးစနစ် မူဝါဒလား စတာတွေ ဖြစ်ပါတယ်။ အလားတူပင် လူပုဂ္ဂိုလ်တစ်ဦးကိုလဲ ဘယ်လိုလူစားလဲဆိုတာကို အဲဒီလူပုဂ္ဂိုလ်ကိုင်စွဲကျင့်သုံးတဲ့တရားနဲ့ ဆုံးဖြတ်ရပါတယ်။ ကောင်းတာကျင့်သလား၊ ဆိုးတာကျင့်သလား စတာတွေဖြစ်ပါတယ်။ ဒါကြောင့်လဲ လူမှုသိပ္ပံပညာရှင်များက အစိုးရနဲ့ လူပုဂ္ဂိုလ်ဆိုတာ ကျင့်သုံးတဲ့တရားရဲ့ အဖန်ဆင်းခံသာဖြစ်တယ်လို့ ဆိုပါတယ်။

မကြာသေးခင်က နိုင်ငံတော်အစိုးရအဖွဲ့အတွင်း အပြောင်းအလဲအချို့ရှိခဲ့ပါတယ်။ ဘယ်လိုအစိုးရမျိုးမဆို လူအပြောင်းအလဲ၊ မူအပြောင်းအလဲရှိကြမြဲဖြစ်ပါတယ်။ အပြစ်ရှိတဲ့လူကိုဖယ်ပြီး အပြစ်ကင်းတဲ့လူနဲ့ အစားထိုးတာတွေ၊ မသင့်လျော်သူကိုဖယ်ပြီး သင့်လျော်သူနဲ့ အစားထိုးတာတွေ၊ ပြည်သူ့ဘဝနဲ့ မလျော်ညီတဲ့မူကိုဖယ်ပြီး လျော်ညီတဲ့မူနဲ့ အစားထိုးတာမျိုး၊ မှားတဲ့မူအချို့ကိုပြင်ပြီး မှန်တဲ့မူကိုပြောင်းတာမျိုးဖြစ်ပါတယ်။

**တည်ဆဲတပ်မတော်အစိုးရဟာ နိုင်ငံတော်တာဝန်ကို စတင်ဝင်ရောက်ထမ်းဆောင်လာခဲ့ရတဲ့ ၁၉၈၈ခုနှစ်ကစပြီး ဦးတည်ချက်(၁၂)ရပ် ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံတော်ကို ကြိုးပမ်းထူထောင်လာခဲ့ပါတယ်။ ဒီကနေ့မှာတော့ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။**

အဲဒီလို ဒီမိုကရေစီခေတ်ပြောင်းတော်လှန်ရေးဆင်နွှဲလာခဲ့တဲ့ ဒီကနေ့ တပ်မတော်အစိုးရဟာ ပထမပိုင်းတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရအဖြစ်နဲ့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ဦးစားပေးထမ်းဆောင်လာခဲ့ရပါတယ်။ ဒီနောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားလာတဲ့အခါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရအဖြစ်နဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးကြိုးပမ်းလာခဲ့ရပါတယ်။ တစ်ပါတည်းတွင် မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို စတင်အကောင်အထည်ဖော်လာခဲ့ပါတယ်။ အခုလိုပြောင်းလဲလာမှုဟာ မူပြောင်းတာမဟုတ်ဘဲ ထူထောင်ရေးကာလ အနုအရင့် ပြောင်းလဲတိုးတက်လာမှုသာဖြစ်ပါတယ်။

ဒါကြောင့် တပ်မတော်အစိုးရဟာ မူဝါဒလမ်းစဉ်မဲ့ ပြည်သူ့အကျိုးကိုဆောင်ရွက်တဲ့ အစိုးရမျိုးမဟုတ်၊ ပုဂ္ဂိုလ်ရေးဩဇာနဲ့ နိုင်ငံတော်ကိုတည်ဆောက်နေတဲ့ အစိုးရမျိုးမဟုတ်ဆိုတာကို အထင်အရှား တွေ့မြင်နိုင်ပါတယ်။ တပ်မတော်အစိုးရဟာ ခိုင်မာတဲ့မူဝါဒလမ်းစဉ်များနဲ့ ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်နေတဲ့ အစိုးရသာဖြစ်တယ်ဆိုတာကို မျက်ဝါးထင်ထင်တွေ့မြင်နေရမယ် ဖြစ်ပါတယ်။

အခုလို နိုင်ငံအကျိုးကို တပ်မတော်အစိုးရ အောင်မြင်စွာဆောင်ရွက်လာနိုင်တဲ့အကြောင်းတရားတွေကို ဆန်းစစ်ကြည့်မယ်ဆိုရင်–

အစွန်းရောက်အမှားသုံးရပ်ဖြစ်တဲ့–

(၁) မိမိတို့မူဝါဒစည်းမျဉ်းမှန်နေသည့်တိုင်အောင် အများပြည်သူအကျိုးစီးပွားနဲ့ မကိုက်ညီသေးတာကို အတင်းအဓမ္မချခင်းကျင့်သုံးမှု၊

(၂) မိမိတို့စည်းမျဉ်းမှားနေတာကို မပြင်ဆင်ဘဲ ဆက်လက်ကျင့်သုံးမှု၊

(၃) အချုပ်အချယ်မရှိတဲ့ လွတ်လပ်မှုအပေါ်မှာ မူမဲ့ပုဂ္ဂိုလ်ရေးဩဇာတည်ဆောက်မှု

စတဲ့လူထုရှေ့ဆောင်အဖွဲ့အစည်းများ ကျဆုံးစေတဲ့ အစွန်းရောက် အမှားကျူးလွန်မှုသုံးရပ်ကို ကင်းရှင်းစွာကျင့်သုံးလာနိုင်လို့ဖြစ်ပါတယ်။

(၁) အချက်အနေနဲ့ တည်ဆဲတပ်မတော်အစိုးရဟာ ပြည်သူလူထုဘဝနဲ့ မကိုက်ညီတဲ့ ချက်ချင်းဆိုရှယ်လစ်စနစ် တည်ဆောက်ရေးလက်ဝဲစွန်းအမှားနဲ့ ချက်ချင်းအနောက်ဒီမိုကရေစီပုံတူကူးချရေး လက်ယာစွန်းအမှားများကို ရှောင်ကြဉ်ပြီး မိမိတို့ လူမှုဘဝနဲ့ကိုက်ညီမှန်ကန်တဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်လာနိုင်လို့ ဖြစ်ပါတယ်။

(၂) အချက်အနေနဲ့ မိမိတို့ ပကတိလူမှုဘဝနဲ့ ကိုက်ညီမှန်ကန်မှုမရှိတဲ့ စည်းမျဉ်းစည်းကမ်းများကို ပြင်ဆင်ပြီး ပိုမိုကောင်းမွန်တိုးတက်သော စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေလုပ်ထုံးလုပ်နည်းဖြင့် ထူထောင်လာနိုင်လို့ ဖြစ်ပါတယ်။ လူပုဂ္ဂိုလ်ရေး လိုအပ်ချက်တွေကိုလဲ လိုအပ်သလို ပြုပြင်အစားထိုး တည်ဆောက်လာနိုင်လို့ ဖြစ်ပါတယ်။

(၃) အချုပ်အချယ်မရှိတဲ့ လွတ်လပ်မှုအပေါ်မှာ ပုဂ္ဂိုလ်ရေးဩဇာနဲ့ တည်ဆောက်ခြင်း၊ မူမဲ့ပုဂ္ဂိုလ်ကိုးကွယ်ရေးကျင့်သုံးခြင်းများ လုံးဝကင်းရှင်းစွာ ခိုင်မာတဲ့မူဝါဒလမ်းစဉ်များ ချမှတ်ထူထောင်လာခဲ့လို့ ဖြစ်ပါတယ်။ ဒါဟာတည်ဆဲတပ်မတော်အစိုးရရဲ့ ပြည်သူ့အကျိုးကိုအောင်မြင်စွာ ရေရှည်ဆောင်ရွက်လာနိုင်ခဲ့တဲ့ အခြေခံအကြောင်းတရားသုံးရပ်ဖြစ်ပါတယ်။ မကြာသေးခင်က အစိုးရအဖွဲ့တွင်း အပြောင်းအလဲအချို့ ဖြစ်ပေါ်ခဲ့ပါတယ်၊ ဒီအပေါ် ပြည်တွင်းပြည်ပ အဆိုးမြင်ဝါဒီများက ပြည်သူတို့ ထင်ယောင်ထင်မှားဖြစ်အောင် ပြောဆိုနေပါတယ်။ တစ်စုံတစ်ရာသော အပြစ်အမျိုးမျိုးကြောင့် အစိုးရအဖွဲ့အတွင်း အနားပေးခံရတဲ့ ပုဂ္ဂိုလ်များနဲ့ ဖယ်ရှားခံရသူများဟာ သဘောထားပျော့ပျောင်းသူတွေဖြစ်ပါတယ်၊ ဒီမိုကရေစီရေးလိုလားသူတွေဖြစ်တယ်၊ ကျန်ရှိနေတဲ့ ခေါင်းဆောင်တွေ၊ ပုဂ္ဂိုလ်တွေဟာ သဘောထားတင်းမာသူတွေဖြစ်တယ်၊ ဒီမိုကရေစီအရေးမလိုလားသူတွေဖြစ်တယ်ဆိုတဲ့ ထိုးနှက်ချက်ဖြစ်ပါတယ်။ ဒီအတိုင်းသာဆိုရင် သဘောထားပျော့ပျောင်းပြီး ဒီမိုကရေစီလိုလားသူဖြစ်အောင် အရေးယူခံရဖို့အတွက် ပြစ်မှုတစ်ခုခု ကျူးလွန်ပြရမလိုဖြစ်နေပါတယ်။

ဒီအပေါ် ရိုးရိုးလေးကြည့်မယ်ဆိုရင် ယခင်ကလဲ ဒီကနေ့ အစိုးရအဖွဲ့အကြီးအကဲများနဲ့ ဒီမူဝါဒလမ်းစဉ်များပင် ဖြစ်ပါတယ်။ ဒီကနေ့လဲ ဒီအစိုးရအဖွဲ့ အကြီးအကဲများနဲ့ ဒီမူဝါဒလမ်းစဉ်များပင်ဖြစ်ပါတယ်။ ရရှိလာခဲ့တဲ့ အောင်မြင်မှု အဆင့်ဆင့်ဟာလဲ ဒီမူဝါဒများနဲ့ ဒီအစိုးရအဖွဲ့အကြီးအကဲများရဲ့ ကြိုးပမ်းမှုကြောင့် ဖြစ်ပါတယ်။ ရှေ့ကိုလဲ ဒီအတိုင်းပင်ဆက်သွားမယ်ဖြစ်ပါတယ်။ ဒါဟာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ မူဝါဒမဟုတ်သလို လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ်လဲ အခြေမခံဘူးဆိုတာ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေပါတယ်။

ဒါတွေကို သိလျက်နဲ့ ဆင်ဖြူတော်အမြီးက သဘောကောင်းပြီး ခေါင်းပိုင်းက သဘောဆိုးတယ်ဆိုသလို လုပ်ကြံဖန်တီးနေမှုဟာ ကိုင်စွဲကျင့်သုံးတဲ့ မူဝါဒကို မျက်ကွယ်ပြုပြီး တစ်ဖက်သတ်ချောက်တွန်းမှုသာ ဖြစ်ပါတယ်။ ပြည်ပအားကိုး အဆိုးမြင်သက်သက်လုပ်ရပ်သာဖြစ်ပါတယ်။ ဒါဟာ ဥပါယ်တံမျဉ်ဖြင့် အစိုးရအပေါ် ပြည်သူတို့ အထင်အမြင်လွဲမှားအောင် ဖန်တီးမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြိုကွဲအောင် ဖန်တီးမှု၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ပျက်ပြားအောင် ဖန်တီးမှုသာ ဖြစ်ပါတယ်။

အမှန်တရားကို ရှာဖွေရင် ပကတိဘဝမှာသာ ရှာဖွေရမယ်ဆိုတဲ့အတိုင်း ဘယ်သူတွေ ဘာပြောပြော နိုင်ငံတော်ရဲ့ ပကတိအရှိ အခြေအနေမှန်ကို နားလည်ကြဖို့ ဖြစ်ပါတယ်။

ဒါကြောင့် ယနေ့ နိုင်ငံတော်တွင် ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေများနဲ့ စပ်လျဉ်းပြီး ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့ ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ကျင်းပသော ရှင်းလင်းပွဲ အခမ်းအနားမှာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အခုလို ရှင်းလင်းပြောကြားသွားခဲ့ပါတယ်။

**"အမျိုးသားညီလာခံကြီးအပါအဝင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ်ကို အောင်မြင်ပြည့်မြောက်သည်အထိ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု အတိအလင်း ပြောကြားလိုကြောင်း။**

**"ဥပဒေဘောင်အတွင်းရောက်ရှိပြီး နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းဆောင်ရွက်နေသည့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် စပ်လျဉ်း၍လည်း ယခင်ကပင် ကျင့်သုံးလိုက်နာ ဆောင်ရွက်လာခဲ့သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသော နိုင်ငံတော်၏ အမျိုးသားရေး မူဝါဒများနှင့်အညီ တစ်စုံတစ်ရာ အပြောင်းအလဲမရှိ ဆက်လက် လက်တွဲဆောင်ရွက်သွားမှာ ဖြစ်ကြောင်း။**

**"တတိယအချက်ဖြစ်သည့် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒကိုလည်း အပြောင်းအလဲမရှိ ဆက်လက်ကျင့်သုံးပြီး နိုင်ငံတကာဆက်ဆံရေး နယ်ပယ်၌လည်း ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ချစ်ကြည်ရင်းနှီးစွာ ယခင် အစဉ်အလာများနှင့်အညီ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း။**

**"မိမိတို့ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ဆောင်ရွက်ရာတွင် တပ်မတော်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်၏ အချုပ်အခြာ အာဏာသုံးရပ်ကို စွဲကိုင်ကျင့်သုံးနိုင်ရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ အစိုးရအဖွဲ့နှင့် ဗဟိုအာဏာပိုင်အဖွဲ့များကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း။**

**အစိုးရအဖွဲ့ဝင် ဝန်ကြီးများအပါအဝင် ဝန်ကြီးချုပ်တို့သည် ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များ မဟုတ်ကြောင်း။**

**"တစ်နည်းပြောရလျှင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများ၊ အမိန့်ညွှန်ကြားချက်များ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် မှန်ကန် ညီညွတ်စွာ နိုင်ငံတော်အပေါ် သစ္စာရှိရှိ တာဝန်ထမ်းဆောင်နိုင်မည်ဟု ယူဆသော ပုဂ္ဂိုလ်များကို စိစစ်ရွေးချယ်ပြီး နိုင်ငံတော်၏ တာဝန်အသီးသီးကို ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ခန့်အပ်တာဝန်ပေးထားသည့် Selected Member များ ဖြစ်ကြောင်း။**

**"ထို့ကြောင့် နိုင်ငံတော်က ပေးအပ်ထားသော တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ နိုင်ငံတော်၏ မူဝါဒများ၊ နိုင်ငံတော်၏ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် ဆန့်ကျင်သွေဖည်မည်ဆိုလျှင်၊ ပြည်သူအများ၏ အကျိုးစီးပွားကို သယ်ပိုးထမ်းဆောင်နိုင်စွမ်း မရှိတော့လျှင် ထိုပုဂ္ဂိုလ်များကို တာဝန်ပေးအပ်ထားခြင်းမှ ရုပ်သိမ်းရမည်သာဖြစ်ကြောင်း။"**

ဒီကနေ့လို တစ်မျိုးသားလုံး သင့်မြတ်စည်းလုံးစွာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်သွားရမယ့်ကာလမျိုးမှာ အစိုးရနဲ့ လူပုဂ္ဂိုလ်ဆိုတာ ကျင့်သုံးတဲ့တရားရဲ့ အဖန်ဆင်းခံသာဖြစ်တယ်ဆိုတဲ့အတိုင်း ကိုင်စွဲကျင့်သုံးတဲ့တရား(ဝါ) မူဝါဒလမ်းစဉ်တွေကို မျက်ကွယ်ပြုပြီး တပ်မတော်ခေါင်းဆောင်များအပေါ် စွပ်စွဲတိုက်ခိုက်နေမှုတွေဟာ အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေး၊ ဒီမိုကရေစီရေးအဖျက်လုပ်ရပ်သာ ဖြစ်တယ်ဆိုတာကို အထူးတလည် တင်ပြအပ်ပါတယ်။ ။

> တည်ဆဲတပ်မတော်အစိုးရဟာ နိုင်ငံတော်တာဝန်ကို စတင်ဝင်ရောက်ထမ်းဆောင်လာခဲ့ရတဲ့ ၁၉၈၈ခုနှစ်ကစပြီး ဦးတည်ချက်(၁၂)ရပ်ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံတော်ကို ကြိုးပမ်းထူထောင်လာခဲ့ပါတယ်။ ဒီကနေ့မှာတော့ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။



**နိုဝင်ဘာ ၂၅ရက်က ကိုရီးယားထုတ်ကုန်ပစ္စည်းပြပွဲ(၂၀၀၄) ဖွင့်ပွဲအခမ်းအနားတွင် သမဝါယမဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr.Lee Kyung Woo၊ Chief of Asia Regional KOTRA Mr.Lee Chae Kyung၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ အကြံပေးပုဂ္ဂိုလ်ဦးခင်မောင်ရီနှင့် မြန်မာ–ကိုရီးယားချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေတို့က ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

**Third Meeting of the ASEAN Committee on Women**
**29 November - 1 December 2004**
**YANGON, MYANMAR**



## လှူဖွယ်ဝတ္ထုပစ္စည်း လောင်းလှူ

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့ ဝရဒါဠာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) နဝမအကြိမ် ဗုဒ္ဓပူဇနိယ ပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများလောင်းလှူစဉ်။

(သတင်းစဉ်)

**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့က ဝရဒါဠာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) နဝမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများလောင်းလှူစဉ်။**

(သတင်းစဉ်)



***စာမျက်နှာ ၉ မှ***

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့က ဝရဒမုဒြာဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့က ဥတ္တရ ဗောဓိမုဒြာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့က လာဘမုဒြာဗုဒ္ဓ ရုပ်ပွားဆင်းတုတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့က မဟာကရုဏာမုဒြာဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ဈာနမုဒြာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ဝရဒါဠာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) နဝမအကြိမ် ဗုဒ္ဓပူဇနိယ ပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဆရာတော်ထံ ကထိန်သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်တို့က ဘူမိဖဿမုဒြာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်ဇနီး ဒေါ်ခင်နှင်းဝေတို့က သန္တိဒမုဒြာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်ဇနီး ဒေါ်မာလာတင့်တို့က ပါဠိဟာရိယမုဒြာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။



## ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းလောင်းလှူ

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့က ဝရဒါဠာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) နဝမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။**

(သတင်းစဉ်)

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ဝရဒါဠာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) နဝမအကြိမ် ဗုဒ္ဓပူဇနိယ ပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။**

(သတင်းစဉ်)



ယင်းနောက် အလှူတော်မင်္ဂလာ ရေစက်ချပွဲနှင့် ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

### ဆွမ်းဆန်စိမ်းလောင်းလှူ

ထို့နောက် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများက စွယ်တော်မြတ်စေတီရင်ပြင်တော်ရှိ သတ်မှတ်နေရာအသီးသီးမှ အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

ယနေ့လောင်းလှူကြသည့် လှူဖွယ်ဝတ္ထုပစ္စည်းများ၏ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ်သိန်း ၂၁ဝကျော်ဖြစ်ကြောင်း သိရသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်းသာသနာရေးဦးစီးမှူး ဦးစံသင်းလှိုင်က အမျှဝေစာတမ်းကို ဖတ်ကြား၍ လှူဒါန်းမှုအစုစုတို့အတွက် အမျှပေးဝေသည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၅ မှ*

ဦးကျော်မြင့်–ဒေါ်ခင်ရီ မိသားစု တို့က ငွေကျပ် ၂၅၀၀၀၀ စီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် အလှူရှင်များကိုယ်စား အလှူရှင်စာရေးဆရာ မောင်ခေတ်ထွန်းက ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အလှူငွေ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

**စနစ်တကျချိတ်ဆက်**

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာနှင့် ခေတ်မီ ရင်ပေါင်တန်းနိုင်အောင် စီမံကိန်းကြီးများ ချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးစီမံကိန်း၊ အထူးဒေသကြီး ၂၄ ခု၏ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း(၅)ရပ် စီမံကိန်းများကို စနစ်တကျချိတ်ဆက်ပေါင်းစပ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

**ရေရှားပါးမှုကြောင့်ရောဂါများရခဲ့**

မြန်မာနိုင်ငံရှိ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့် အများစုဖြစ်သည့် ကျေးလက်ဒေသနေပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေရာတွင် ကျေးလက် လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးနှင့် ကျေးလက်ဒေသသောက်သုံးရေရရှိရေးတာဝန်ကို စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကလုပ်ငန်းများအဖြစ် ထမ်းဆောင်ရန် နိုင်ငံတော်က တာဝန်ပေးအပ်ထားကြောင်း။

အပူပိုင်းဒေသ တိုင်းသုံးတိုင်းမှ ကျေးရွာများအပါအဝင် ရေရှားပါးမှု ကြုံတွေ့ခဲ့ရသည့် ကျေးရွာနေပြည်သူများအနေဖြင့် ရေရရှိရေးအတွက် ယခင်နှစ်ပေါင်းများစွာကပင် နေ့စဉ်ရုန်းကန်ဖြေရှင်းခဲ့ကြရပြီး ရေရှားပါးမှုကြောင့် ဝမ်းရောဂါနှင့်အခြားရောဂါများ ဖြစ်ပွားခံစားခဲ့ရကြောင်း။

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးစီမံကိန်းကို





၂၀၀၀–၂၀၀၁ ဘဏ္ဍာရေးနှစ်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံတော်ထောက်ပံ့ငွေ၊ စည်ပင်သာယာရေးအဖွဲ့များ၏ ရန်ပုံငွေ၊ စေတနာရှင်ပြည်သူများက လှူဒါန်းငွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများက လူသားချင်း စာနာထောက်ထားသောအားဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်နေကြောင်း သိရှိရကြောင်း၊ ထိုသို့ဆောင်ရွက်ပေးမှုကြောင့် အပူပိုင်းဒေသတိုင်းသုံးတိုင်းဖြစ်သော စစ်ကိုင်း၊ မကွေး၊ မန္တလေးတိုင်း သုံးတိုင်းရှိ ကျေးရွာပေါင်း ၈၀၄၂ ရွာအနက်၊ ၆၀၇၈ ရွာတွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီး၍ ၇၆ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီး ရေခက်ခဲသော ကျေးလက်ပြည်သူ ခုနစ်သန်းခန့် အစိုးရနှင့် ပြည်သူများ ပူးပေါင်းကူညီမှု၏ ရေရရှိမှုအကျိုးကို လက်တွေ့ခံစားနေရပြီဖြစ်ကြောင်း။

**ကျေးရွာအားလုံးရေရတော့မည်**

အပူပိုင်းဒေသတွင် ရေရရှိရေးဆောင်ရွက်နေသလို အခြားရေ ခက်ခဲသော ပြည်နယ်၊ တိုင်းများတွင်လည်း သန့်ရှင်းသော ရေရရှိရေးအတွက် စည်ပင်သာယာရေး အဖွဲ့များက ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ပြင် မြစ်ဝကျွန်းပေါ်ဒေသ၊ ကမ်းရိုးတန်းဒေသများပါမကျန် ရေချိုရရှိရန် စည်ပင်သာယာရေးအဖွဲ့များက စမ်းသပ်တွင်းများ တူးဖော်လျက်ရှိရာ ရေငန်ဒေသများတွင် ရေချိုရရှိရန် အလားအလာကောင်းများ တွေ့ရှိနေကြောင်းကို သိရှိရကြောင်း။

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်နေရာ မြို့နယ်ရှစ်မြို့နယ်တွင် မြို့နယ်လုံးကျွတ် ကျေးရွာအားလုံး ရေရရှိပြီ ဖြစ်သကဲ့သို့ မကြာမီကာလတွင် မြို့နယ် ရှစ်မြို့နယ်တွင် ကျေးရွာအားလုံး သန့်ရှင်းသော ရေထပ်မံရရှိတော့မည်ဟု သိရကြောင်း။

အလှူရှင်များ၏ လှူဒါန်းငွေကို ကိန်းဂဏန်းများဖြင့် ဖော်ပြနိုင်သော်လည်း စေတနာ၊ သဒ္ဓါအားမှာ မဖော်ပြနိုင်အောင် ကြီးမားနေသည်ဟု ယုံကြည်ပါကြောင်းနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များအားကျေးဇူးတင်ဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးကြသည်။။

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် နဝမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အခမ်းအနားသို့ မတက်ရောက်နိုင်သည့် အလှူရှင်များအပါအဝင် အလှူရှင် ၁၃၂ဦးတို့က လှူဒါန်းငွေစုစုပေါင်း ငွေကျပ် ၁၂၀၀၃၅၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၂၀၃၀ ဖြစ်သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများလာရောက်ဖူးမြော်ကြည်ညို

**ရန်ကုန် နိုဝင်ဘာ ၂၆**

ဘဝနတ်ထံပျံလွန်တော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏အဓိပတိ ပခုက္ကူမဟာဝိသုတာရာမနိကာယကြီး၏အဓိပတိ မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက်နှင့် ရန်ကုန်တိုင်း ဒဂုံ မြို့သစ်(တောင်ပိုင်း)မြို့နယ် ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်တို့၏ ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘိတ မဟာထေရ်မြတ်၏ ဥတုဇရုပ်ကလာပ်တော်အား ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ပုလဲရတနာလမ်း ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်အတွင်းရှိ စံကျောင်းတော်မဏ္ဍပ်၌ အပူဇော်ခံထားရှိရာ ယနေ့နံနက်ပိုင်းနှင့်ညနေပိုင်းတို့တွင် တပည့်သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမများ၊ ရဟန်းရှင်လူများနှင့် ဘာသာရေးအသင်းအဖွဲ့များက လာရောက်ဖူးမြော်ကြည်ညိုကြပြီး သံဝေဂဉာဏ်ပွားများကြသည်။ **(အပေါ်ပုံ)**

**ရွတ်ဖတ်ပူဇော်**

ထို့ပြင် ယနေ့နံနက်ပိုင်းမှစတင်၍ မြင်းခြံမြို့ ဆွေတော်မျိုးတော်ဝတ် အဖွဲ့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၉)ရပ်ကွက်မှဒဂုံသီရိဝတ်အဖွဲ့၊ (၂၀)ရပ်ကွက် အောင်ဇောဓိမှ သီဝံချမ်းမြေ့ဝတ်အဖွဲ့နှင့်သဃ်မိတ္တာဝတ်အဖွဲ့၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် တနင်္ဂနွေ ညနေသန့်ရှင်းရေးဝတ်အဖွဲ့တို့ကလည်း ပဋ္ဌာန်းပစ္စယနိဒ္ဒေသ၊ အဘိဏှသုတ်၊ ဓမ္မစက္ကပ္ပဝတ္တနသုတ်၊ အနတ္တလက္ခဏသုတ်၊ ဆရာတော်ကြီး၏ထေရုပ္ပတ္တိ ရှစ်လုံးဖွဲ့ကဗျာများ၊ သံဝေဂဂါထာတော်များဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

မွန်းလွဲပိုင်းတွင် မင်းသားဖန်ခွက်စိန်၊ မင်းသမီး နန်းယု၊ အဖွဲ့ဝင်ရွှေထူး၊ ကျားလျှာ၊ ကောင်းတော်နှင့်ကိုမိုးတို့ပါဝင်သော ဖန်ခွက်စိန်ဇာတ်အဖွဲ့က မန္တလေးဖိုးသာအောင် မင်္ဂလာဆိုင်းအဖွဲ့နှင့်တွဲဖက်၍ ဃေယျကျူး ပူဇော်ကြသည်။

ညနေပိုင်းတွင် ဆရာတော်ကြီး၏တပည့် အနုပညာရှင် ဒါယကာ၊ ဒါယိကာမများကလည်း ဓမ္မပူဇာတေးများဖြင့် ပူဇော်၍လည်းကောင်း၊ ညပိုင်းတွင် စိန်စတင်းနှင့် မန္တလေးဖိုးသာအောင် မင်္ဂလာဆိုင်းအဖွဲ့တို့က တီးခတ်ပူဇော်ကြသည်။ **(သတင်းစဉ်)**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌမြင်းခြံဆရာတော်ကြီးအန္တိမစျာပန အနုပညာဖြင့် ဓမ္မတေးပူဇော်ရေး အစီအစဉ်

| နေ့ရက် | အချိန် | ပူဇော်မည့်အဖွဲ့ |
|---|---|---|
| ၂၇–၁၁–၂၀၀၄ | ဝ၈း၀၀ | ရွှေခြံသူ သီတာဝင်း ဃေယျကျူး<br>မန္တလေးဖိုးသာအောင်ဆိုင်းအဖွဲ့ |
| ၂၇–၁၁–၂၀၀၄ | ၁၀း၀၀ | ဆိုင်းအဖွဲ့(စိန်စတင်း/ဖိုးသာအောင်) |

# အလားအလာကောင်းသောတွင်းသစ်များစနစ်တကျလေ့လာဖော်ထုတ် စွမ်းအင်ဒုတိယဝန်ကြီးသဘာဝဓာတ်ငွေ့တွင်းသစ်များစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၆

**စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် နိုဝင်ဘာလ ၂၁ရက်ညနေပိုင်းက မြန်အောင်မြို့နယ် ရွှေပြည်သာသဘာဝဓာတ်ငွေ့မြေသို့ရောက်ရှိပြီး နေ့စဉ်ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်နေမှု၊ တွင်းသစ်များတိုးချဲ့တူးဖော်ထုတ်လုပ်ရန် ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ခံအင်ဂျင်နီယာ(ထုတ်လုပ်ရေး)နှင့် တာဝန်ရှိသူများအား ရေနံနှင့်သဘာဝဓာတ်ငွေ့တိုးတက်ထုတ်လုပ်ရန် အလားအလာကောင်းသော တွင်းသစ်များကို တိုးချဲ့တူးဖော်နိုင်ရန် ပြင်ဆင်ရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ကြရန် ညှိနှိုင်းဆွေးနွေးခဲ့သည်။**

**ဆွေးနွေးမှာကြား**

ဒုတိယဝန်ကြီးသည် နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် မြန်အောင်ရေနံမြေတွင်းအမှတ် (၁၆၇)လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ရောက်ရှိခဲ့ရာ ရေနံမြေအထွေထွေမန်နေဂျာ ဦးလှငွေနှင့် ဘူမိဗေဒအရာရှိချုပ် ဦးခင်မောင်ကြည်တို့က တူးဖော်လျက်ရှိသော တွင်း အမှတ်(၁၆၇)နှင့်(၁၆၈)တို့၏ ဘူမိဗေဒဆိုင်ရာ အခြေအနေများကိုလည်းကောင်း၊ ထွင်းဖောက်ရန် ပြင်ဆင်နေမှုများကိုလည်းကောင်း၊ မြန်အောင်ရေနံမြေတွင် ထပ်မံလေ့လာတွေ့ရှိရသော ဘူမိရုပဆိုင်ရာ အချက်အလက်များအရ ရေနံတူးဖော်ရရှိရန် အလားအလာကောင်းသော ကျောက်လွှာအပိုင်းများ၏ အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ရာ ဒုတိယဝန်ကြီးက သဘာဝအလျောက်ကျဆင်းမှုဖြစ်ပေါ်ခြင်းကို ကုစားနိုင်ရန်အတွက် တွင်းသစ်များ ရှာဖွေထုတ်လုပ်ရန် လိုအပ်လျက်ရှိကြောင်း၊ အလားအလာ ကောင်းနိုင်သော တွင်းသစ်နေရာများကို စနစ်တကျလေ့လာဖော်ထုတ်စေလိုကြောင်း၊ တူးဖော်ဆဲတွင်းများကို သတ်မှတ်ချိန်တွင် ပြီးစီးရေး၊ ဖြစ်ပေါ် လာနိုင်သော လုပ်ငန်းခွင် အန္တရာယ် ကင်းရှင်းရေးအတွက် ကြိုတင်တွက်ဆဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ် သန်းဌေးသည် နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် မြန်အောင်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် ပြင်ဆင်လျက်ရှိသော မန်ကျီးကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့လည်းကောင်း၊ ကျေးရွာဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းရှိ အာရုံခံတန်ဆောင်းသံပန်းတံခါး တပ်ဆင်နေမှုကိုလည်းကောင်း သွားရောက်စစ်ဆေး၍ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

**ရင်းနှီးစွာတွေ့ဆုံ**

ညနေပိုင်းတွင် မြန်အောင်မြို့နယ် ဇလုပ်မကျေးရွာ တွဲဖက်အလယ်တန်းကျောင်းသို့ သွားရောက်၍ ပညာရေးဆိုင်ရာလိုအပ်ချက်များ ညှိနှိုင်းပေးပြီး ကျောင်းစာကြည့်တိုက်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင်သည် ညောင်မြစ်ဆွဲကျေးရွာ ကံဦးကျောင်းတိုက်၌ကျင်းပပြုလုပ်သော ကထိန်သင်္ကန်းကပ်လှူပွဲသို့ တက်ရောက်၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ဒေသခံပြည်သူများနှင့် ရင်းနှီးစွာ တွေ့ဆုံခဲ့သည်။

မွန်းလွဲပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်သည် ကြံခင်းမြို့နယ် စပါးအိုးကျေးရွာ(အရှေ့)၊ စပါးအိုးကျေးရွာ (အနောက်) စက်ရေတွင်းတူးဖော်မည့်နေရာ ပန္နက်ရိုက်ပွဲအခမ်းအနားတက်ရောက်ပြီး ကျေးရွာအခြေခံပညာမူလတန်းကျောင်းသို့သွားရောက်၍ ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောင်ရွက်လျက်ရှိသည့် ကျောက်ကုန်း၊ မဲဇလီကွင်း၊ ထောက်ကြန့်ကွင်း ကျေးလက်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဗဟိုအလုပ်အမှုဆောင်သည် ခရီးစဉ်အတွင်း ကျေးလက်ပြည်သူများနှင့် တွေ့ဆုံရာတွင် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊ မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အောင်ဆန်းတောရတပ်ဦးကျောင်းဆရာတော်တရားပွဲများ

**ရန်ကုန် နိုဝင်ဘာ ၂၆**

အင်းစိန်မြို့နယ် အောင်ဆန်းမြို့တောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၇၇) ပဓာနနာယက ပြည်တွင်းပြည်ပသာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အရှင်မြတ်သည် နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ ကြို့ကုန်းအရှေ့ရပ်ကွက် သီရိရတနာဓမ္မာရုံတွင်လည်းကောင်း၊ ဒီဇင်ဘာ ၅ ရက် မှ ၁၄ရက်အထိ နတ်မောက်လမ်းရှိ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးတွင်လည်းကောင်း၊ ဒီဇင်ဘာ ၁၆ ရက်ည၌ ကြည့်မြင်တိုင်မြို့နယ် ပဒင်းတန်းတွင်လည်းကောင်း၊ ဒီဇင်ဘာ၁၈ရက်ညတွင် အင်းစိန်မြို့နယ် ညောင်ပင်သာကျောင်းတွင်လည်းကောင်း ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပါဒ်သစ္စာတရားတော်များ ဟောကြားပြသမည်ဖြစ်ကြောင်းသိရသည်။ **(က–ပ)**



ပထမအကြိမ် အာဆီယံ-အိန္ဒိယ မော်တော်ကားပြိုင်ပွဲ(၂၀၀၄)ပြိုင်ပွဲဝင် မြန်မာအဖွဲ့ မန္တလေးမြို့သို့ရောက်ရှိရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် အဖွဲ့ဝင်များ၊ ပြည်သူများက အားပေးကြစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

# အာဆီယံ-အိန္ဒိယမော်တော်ကားပြိုင်ပွဲ(၂၀၀၄)မန္တလေးမြို့သို့ရောက်ရှိ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့ ကြိုဆိုနှုတ်ဆက်

ရန်ကုန် နိုဝင်ဘာ ၂၆

**ပထမအကြိမ် အာဆီယံ-အိန္ဒိယ မော်တော်ကားပြိုင်ပွဲ(၂၀၀၄)တတိယနေ့အဖြစ် စစ်ကိုင်းတိုင်း တမူးမြို့မှ ယမန်နေ့ နံနက် ၆ နာရီတွင် စတင်ထွက်ခွာခဲ့ကြသော ပြိုင်ပွဲဝင်မော်တော်ယာဉ်များသည် မန္တလေးမြို့ Mandalay Hill Resort Hotel သို့ ညနေ၆နာရီတွင်ရောက်ရှိလာကြရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ပထမအကြိမ် အာဆီယံ- အိန္ဒိယမော်တော်ကားပြိုင်ပွဲ (၂၀၀၄) လုပ်ငန်း ညှိနှိုင်းကြီးကြပ်မှုကော်မီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အိန္ဒိယ သမ္မတနိုင်ငံ Heavy Industries & Public Enterprises ဝန်ကြီးဌာန ဝန်ကြီး H.E. Shri Sontosh Mohan Dev၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.R. K Bhatia နှင့် တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။**

### ညှော်ခံဖျော်ဖြေ

ညပိုင်းတွင် ပြိုင်ပွဲဝင်များအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးမှမန္တလေးမြို့ Mandalay Hill Resort Hotel တွင် ညစာဖြင့် တည်ခင်းညှော်ခံရာ တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ညစာသုံးဆောင်နေစဉ်နှင့် ညစာသုံးဆောင်အပြီးတွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အကများဖြင့် ညှော်ခံဖျော်ဖြေကြသည်။

### စတင်တာလွှတ်

ယနေ့ နံနက် ၆နာရီတွင် ပထမအကြိမ် အာဆီယံ-အိန္ဒိယ မော်တော်ကားပြိုင်ပွဲ (၂၀၀၄) စတုတ္ထနေ့ မန္တလေး-လွိုင်လင်အပိုင်း စတင်တာလွှတ်ပွဲ အခမ်းအနားကို မန္တလေးမြို့ ၇၃ လမ်းနှင့် ၁၂ လမ်းထောင့်ရှိ ကိုးသိန်းတံတားထိပ်၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ အိန္ဒိယ သမ္မတနိုင်ငံ Heavy Industries & Public Enterprises ဝန်ကြီးဌာန ဝန်ကြီး၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အလံ ဖေ့ယမ်း၍ အချက်ပြ တာလွှတ်ပေးခဲ့ရာ ပြိုင်ပွဲဝင်မော်တော်ယာဉ်အစီး ၆၀ တို့ စတင် တာလွှတ်နေရာမှ ဖြတ်သန်း မောင်းနှင်သွားကြသည်။

### လွိုင်လင်တွင်ရပ်နားမည်

ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မော်တော်ယာဉ်သုံးစီး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ပြိုင်ပွဲအစီအစဉ်အရ ယနေ့တွင် မန္တလေးမြို့မှ စတင် ထွက်ခွာကြကာ ရွာငံမြို့၊ အောင်ပန်းမြို့၊ တောင်ကြီးမြို့များကို ဖြတ်သန်းမောင်းနှင်၍ လွိုင်လင်မြို့တွင် ညအိပ်ရပ်နားမည်ဖြစ်သည်။

နိုဝင်ဘာ ၂၇ ရက်တွင် လွိုင်လင်မြို့မှ ကျိုင်းတုံမြို့အထိ၊ နိုဝင်ဘာ၂၈ ရက်တွင် ကျိုင်းတုံမြို့မှ တာချီလိတ်မြို့ကိုဖြတ်သန်း၍ ထိုင်းနိုင်ငံအတွင်း ဝင်ရောက် မောင်းနှင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

**မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲကို ယနေ့ နံနက်တွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)၌ ဆက်လက်ကျင်းပသည်။**

ယနေ့ ကျင်းပသည့် နံနက်ပိုင်း ပွဲစဉ်များတွင် အမျိုးသားထောက်လု (ကျန့်စု) ပြိုင်ပွဲ၌ ကိုရီးယားမှ Kweong Heung Seok က ၉၁ သမ ၂၆ မှတ်ဖြင့် ပထမ ရွှေတံဆိပ်၊ မလေးရှားမှ Lim Yew Fai က ၉၁ သမ ၂၅ မှတ်ဖြင့် ဒုတိယ ငွေတံဆိပ်၊ ဖိလစ်ပိုင်မှ Willy Wang က ၉၁ သမ၂၁ မှတ်ဖြင့် တတိယ ကြေးတံဆိပ် ဆွတ်ခူးရရှိရာ အဆိုပါ အောင်နိုင်သူများကို မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခင်မောင်လေးက ချီးမြှင့်ပေးအပ်ပြီး ကိုရီးယားဝူရှူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက ဂုဏ်ပြုပန်းစည်းများ ပေးအပ်ချီးမြှင့်သည်။

အမျိုးသမီးထောက်လု(နန်းချွမ်) ပြိုင်ပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Mao Yaqi က ၉၁ သမ ၃၆ မှတ်ဖြင့် ပထမ ရွှေတံဆိပ်၊ မြန်မာနိုင်ငံမှ ဆွေဆွေသန့်က ၉၁ သမ ၃၃ မှတ်ဖြင့် ဒုတိယ ငွေတံဆိပ်၊ မကာအိုမှ Huang Yan Hui က ၉၁ သမ ၂၈ မှတ်ဖြင့် တတိယ ကြေးတံဆိပ်ဆွတ်ခူးရရှိရာ အဆိုပါ အောင်နိုင်သူများကို ကမ္ဘာ့ဝူရှူးအဖွဲ့ချုပ် နည်းစနစ်မှူးက ချီးမြှင့်ပေးအပ်ပြီး မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ကြူကြူက ဂုဏ်ပြုပန်းစည်းများ ပေးအပ်ချီးမြှင့်သည်။

### အမျိုးသားထောက်လုပြိုင်ပွဲ

အမျိုးသားထောက်လု (ထိုက်ချီချွမ်) ပြိုင်ပွဲတွင် ဟောင်ကောင်မှ Hei Zhi Hong က ၉၁ သမ ၂၈ မှတ်ဖြင့် ပထမ ရွှေတံဆိပ်၊ စင်ကာပူမှ Goh Qin Bin က ၉၁ သမ ၂၆ မှတ်ဖြင့် ဒုတိယ ငွေတံဆိပ်၊ မလေးရှားမှ Chin Foh Nan က ၉၁ သမ ၂၃ မှတ်ဖြင့် တတိယ ကြေးတံဆိပ် ဆွတ်ခူးရရှိရာ အဆိုပါ အောင်နိုင်သူများကို အာရှဝူရှူးအဖွဲ့ချုပ် အတွင်းရေးမှူးက ချီးမြှင့်ပေးအပ်ပြီး မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်က ဂုဏ်ပြု ပန်းစည်းများ ပေးအပ်ချီးမြှင့်သည်။

အမျိုးသားထောက်လု (ထိုက်ချီချွမ်နှင့် ထိုက်ချီကျန့် နှစ်မျိုးပေါင်း) ပြိုင်ပွဲတွင် စင်ကာပူမှ Goh Qin Bin က ၁၈၁ သမ ၄၉ မှတ်ဖြင့် ပထမ ရွှေတံဆိပ်၊ ဟောင်ကောင်မှ Hei Zhi Hong က ၁၈၁ သမ ၄၆ မှတ်ဖြင့် ဒုတိယ ငွေတံဆိပ်၊ ကိုရီးယားမှ Jong Yang Ho က ၁၈၁ သမ ၃၈ မှတ်ဖြင့် တတိယ ကြေးတံဆိပ် ဆွတ်ခူးရရှိရာ အဆိုပါ အောင်နိုင်သူများကို အာရှဝူရှူးအဖွဲ့ချုပ် နည်းစနစ်မှူးက ချီးမြှင့်ပေးအပ်ပြီး (၆) ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲကျင်းပရေး ဒိုင်ချုပ်က ဂုဏ်ပြုပန်းစည်းများ ပေးအပ်ချီးမြှင့်သည်။

ညနေပိုင်း ပွဲစဉ်များအပြီးတွင် အမျိုးသားထောက်လု(နန်းချွမ်) ပြိုင်ပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Su Kefeng က ၉၁ သမ ၄၀ မှတ်ဖြင့် ပထမ ရွှေတံဆိပ်၊ မလေးရှားမှ Ho Ro Bin က ၉၁ သမ ၃၁ မှတ်ဖြင့် ဒုတိယ ငွေတံဆိပ်၊ မြန်မာနိုင်ငံမှ ဇော်ဇော်မိုးက ၉၁ သမ ၃၀ မှတ်ဖြင့် တတိယ ကြေးတံဆိပ် ဆွတ်ခူးရရှိသွားသည်။

ယမန်နေ့ ညနေပိုင်းက ကျင်းပသည့် အမျိုးသမီး Taijiquan Combine ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ခိုင်ခိုင်မော်က ဒုတိယ ငွေတံဆိပ် ရရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Peng Lili က ပထမ ရရှိကာ ဗီယက်နမ်မှ Bui Mai Phuong က တတိယ ရရှိသွားသည်။

အမျိုးသမီး Taiji jian (ထိုက်ချီကျန့်)ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ခိုင်ခိုင်မော်က တတိယ ကြေးတံဆိပ် ရရှိသည်။

ယင်းပြိုင်ပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပထမနှင့် ဒုတိယဆုများ ရရှိသွားသည့် အမျိုးသား Taolu ပြိုင်ပွဲတွင် ပြည့်ဝေဖြိုးက တတိယ ကြေးတံဆိပ် ရရှိသည်။

ယင်းပြိုင်ပွဲတွင် ဖိလစ်ပိုင်က ပထမရပြီး ဟောင်ကောင်က ဒုတိယ ရရှိသွားသည်။

ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပသော ဆန်းဆိုပြိုင်ပွဲ အမျိုးသား ၇၅ ကီလိုတန်းတွင် မြန်မာမှ စသာငွေး က နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

မြန်မာ့လက်ရွေးစင် စသာငွေးသည် ပြိုင်ဘက်မလေးရှားမှ Lew Chee Wai ကို အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီးမှ အနိုင်ရရှိသွားခြင်းဖြစ်သည်။ စသာငွေးသည် ဗိုလ်လုပွဲတွင် အီရန်မှ Hossein Ojaghi နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အမျိုးသမီး ၅၆ ကီလိုတန်း၊ ၆၀ ကီလိုတန်း၊ အမျိုးသား ၆၅ ကီလိုတန်း၊ ၇၀ ကီလိုတန်း၊ ၇၅ ကီလိုတန်း၊ ၈၅ကီလိုတန်း ဆီမီးဖိုင်နယ် ပွဲစဉ်များကို ဆက်လက် ကျင်းပလျက်ရှိသည်။ **(သတင်းစဉ်)**

## (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ အသင်းအလိုက် ရွှေငွေကြေးရရှိမှု အခြေအနေ

| စဉ် | အသင်း | ရွှေ | ငွေ | ကြေး |
|---|---|---|---|---|
| ၁ | တရုတ် | ၁၁ | ၂ | – |
| ၂ | မြန်မာ | ၂ | ၃ | ၄ |
| ၃ | စင်ကာပူ | ၂ | ၂ | ၂ |
| ၄ | ဗီယက်နမ် | ၁ | ၈ | ၃ |
| ၅ | ဟောင်ကောင် | ၁ | ၃ | ၁ |
| ၆ | ဖိလစ်ပိုင် | ၁ | – | ၃ |
| ၇ | မကာအို | ၁ | – | ၃ |
| ၈ | တောင်ကိုရီးယား | ၁ | – | ၁ |
| ၉ | မလေးရှား | – | ၂ | ၁ |
| ၁၀ | တရုတ်(တိုင်ပေ) | – | ၁ | ၁ |
| ၁၁ | အိန္ဒိယ | – | – | ၁ |

**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။**

**၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၀၂၃၇)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ဒို့ကျေးရွာ ဂျာနယ်

ဒို့ကျေးရွာဂျာနယ်သည် မြန်မာနိုင်ငံ၏ အများဆုံးသော ကျေးလက်နေ ပြည်သူများအတွက် ကိုယ်စားပြုရန် ရည်ရွယ်ပါသည်။

ထို့ကြောင့် **"ဒို့ကျေးရွာ"** ဂျာနယ်သည် ကျေးလက်တောင်သူတို့၏ ကြေးမုံ ပြင်တစ်ချပ်ဟုလည်း ဆိုနိုင်ပါသည်။

ဒို့ကျေးရွာဂျာနယ် အတွဲ(၁)၊ အမှတ်(၃) ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁ရက် (ဗုဒ္ဓဟူးနေ့)ထွက်နေပြီ ဖြစ်သည်။



**အတွဲ(၁)၊ အမှတ်(၃)တွင်-**

- **ရိတ်သိမ်းနယ်လှေ့ချိန်တွင် ရှောင်ရန်နှင့်ဆောင်ရန်**
- **ပဲတီစိမ်း သီးထပ်စိုက်မည်ဆိုလျှင်**
- **ကြက် ဝမ်းကျရောဂါ**
- **ကျေးရွာဘဝကို သတင်းစာက ပြောပြနေသည်**
- **မြန်မာနိုင်ငံမှ ထန်းပဒေသာပင်**
- **ဘကြီးအိမ်က ပျိုးပုတ်ကလေး**

စသည့် ဖတ်ဖွယ်၊ မှတ်ဖွယ်၊ လေ့လာဖွယ်ရာများ စုံစုံလင်လင်ပါရှိသည်။

**(သတင်းစဉ်)**

# ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်



## ရွှေတောင်မြို့နယ် စက်ရုံနယ်မြေ ဝန်ထမ်းရပ်ကွက် ပညာတံခွန်စာကြည့်တိုက်ဖွင့်၊ စာအုပ်များလှူဒါန်း

ရွှေတောင် နိုဝင်ဘာ ၂၃

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် ရွှေတောင်မြို့နယ် အဆင့်မြင့်ချည်မျှင် အထည်နှင့် အချောကိုင်စက်ရုံနယ်မြေ ဝန်ထမ်းရပ်ကွက် စာပေဗဟုသုတတိုးပွားရရှိစေရေး ကိုယ့်အားကိုယ်ကိုး ပညာတံခွန်စာကြည့်တိုက် ဖွင့်ပွဲကို နိုဝင်ဘာ ၁၇ ရက် နံနက်က စာကြည့်တိုက်ရှေ့၌ ကျင်းပရာ စာကြည့်တိုက်ကို စက်ရုံမှူးဦးဇော်ဝင်းမောင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးဉာဏ်မွေးနှင့် မြို့နယ်ဥက္ကဋ္ဌဦးလှဝင်းတင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် စက်ရုံမှူးက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စာအုပ်လှူဒါန်းပွဲကျင်းပရာ အလှူရှင်များက မြို့နယ်အတွင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စုဆောင်းထားသော စာအုပ်စာတမ်းများကို ပေးအပ်လှူဒါန်းကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## မိတ္ထီလာ-မြင်းခြံလမ်းမနှင့် ထန်းပင်ကန် ကျေးရွာဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်

မလှိုင် နိုဝင်ဘာ ၁၅

မြို့နှင့်ကျေးလက်ဒေသများ အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်ပြီး လမ်းပန်းဆက်သွယ်မှု ချောမွေ့စေရေးအတွက် ကျေးရွာနှင့် မြို့ဆက်သွယ်မည့် မလှိုင်မြို့နယ် မိတ္ထီလာ-မြင်းခြံလမ်းမကြီးနှင့် ထန်းပင်ကန်ကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် မြေသားလမ်း နှစ်မိုင် နှစ်ဖာလုံအား ကတ္တရာခင်းလမ်းအဖြစ် နိုဝင်ဘာ ၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းအောင်ခင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးမြငြိမ်းနှင့် အငယ်တန်း အင်ဂျင်နီယာ ဦးစိုးမြင့်မောင်တို့က တာဝန်ယူကြီးကြပ် ဖောက်လုပ်လျက်ရှိသည်။

### အကောင်အထည်ဖော်

အဆိုပါကတ္တရာလမ်း နှစ်မိုင် နှစ်ဖာလုံ ဖောက်လုပ်ခြင်းလုပ်ငန်းကို မိုးကုတ်မြို့နေ အလှူရှင် ဦးထူးမောင် - ဒေါ်ထားထားအေးမိသားစု၏ မတည်လှူဒါန်းငွေ ကျပ်သိန်း ၃၇၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

### ဆောင်ရွက်ပေး

**ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးလျက်ရှိရာ နိုဝင်ဘာ ၆ရက်က အဖွဲ့ပိုင်နန္ဒမာလာပန်းခြံတွင် ပန်းအလှပင်များ စိုက်ပျိုးရန် အတွက် ဝန်ထမ်းများဖြင့် စုပေါင်းပျိုးအိတ်ထုပ်ခြင်း လုပ်ငန်း ဆောင်ရွက်မှုကို တာဝန်ခံအင်ဂျင်နီယာ ဦးလွင်ဦး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(မြို့နယ်စည်ပင်)

## မြို့သာယာရေးနှင့် စိမ်းလန်းစိုပြည်ရေး မြေယာရှုခင်းအလှပြုပြင်၊ ပန်းအလှစိုက်ပျိုး

မိုးညှင်း နိုဝင်ဘာ ၁၂

ကချင်ပြည်နယ် မိုးညှင်းမြို့တွင် မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အောက်တိုဘာ ၁၄ ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့က မြို့ပြရပ်ကွက်များ၌ ပန်းအလှပင်များ စိုက်ပျိုးကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လက်ထောက်ညွှန်ကြားရေးမှူးဦးဝင်းနိုင် ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများသည် အောက်တိုဘာ ၁၄ ရက်နှင့် ၁၅ ရက်များတွင် ရတနာပုံလမ်း၌ပန်းအလှပင်စိုက်ပျိုးခြင်းနှင့်ပြည်ထောင်စုလမ်းမကြီးစက်မှုလက်မှုသိပ္ပံကျောင်းလမ်းဆုံ၌ မြေယာရှုခင်းအလှပြုပြင်ခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးကြကြောင်းသိရသည်။ **(၁၅၂)**



## ဖားကန့်မြို့နယ်တွင် ကျေးရွာစာကြည့်တိုက်ဖွင့်

ဖားကန့် နိုဝင်ဘာ ၅

ဖားကန့်မြို့နယ်လုံးခင်းကျေးရွာအုပ်စု မော်စိစာကျေးရွာ ရတနာကိုယ့်အား ကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၈ ရက်က မြို့မရပ်ကွက်တွင် ကျင်းပရာ ဖားကန့်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝေလွင်နှင့် ကျေးရွာရာအိမ်မှူး ဦးသိန်းဖေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ဖားကန့်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ဝေလွင်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက်ရတနာစာကြည့်တိုက် ဖွင့်ပွဲသို့ တက်ရောက်လာကြသည့် ပြည်သူများက သုတ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာ ၅၃၅အုပ်နှင့် အလှူငွေ ကျပ် ၁၇၀၀၀၀ ကို ပေးအပ် လှူဒါန်းကြရာ စာကြည့်တိုက် ကော်မတီဝင်များက လက်ခံရယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



**ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၃) ဦးရဲလင်းထွန်း ဦးဆောင်သောဝန်ထမ်းများ နိုဝင်ဘာ ၁ ရက်က မြို့အဝင်လမ်းဘေးသန့်ရှင်းရေးနှင့် မြေခင်းအလှပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိဦးမြင့်လွင် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(မြို့နယ်စည်ပင်)

## ရွှေမြန်မာ၊ သုခရင် မျိုးသန့်အဆင့်(၁) ပြပွဲနှင့် မျိုးသန့်လဲလှယ်စိုက်ပျိုးရေး ဆွေးနွေးပွဲကျင်းပ

မော်လိုက် နိုဝင်ဘာ ၃

**မော်လိုက်မြို့နယ်တွင် စမ်းသပ်စိုက်ပျိုးထားသော ရွှေမြန်မာနှင့်သုခရင် မျိုးသန့်အဆင့်(၁) ကွင်းပြပွဲနှင့် မျိုးသန့်လဲလှယ် စိုက်ပျိုးရေးဆွေးနွေးပွဲကို အောက်တိုဘာ ၂၄ရက် မွန်းလွဲပိုင်းက နယ်မြေခံတပ်ရင်း အောင်တံခွန်ခန်းမ ၌ ကျင်းပသည်။**

### ရှင်းလင်းပြောကြား

အခမ်းအနားတွင် မော်လိုက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်မြတ်မိုးက အမှာစကားပြောကြားပြီး နယ်မြေခံတပ်ရင်းမှဗိုလ်မှူး သိန်းနိုင်က စမ်းသပ်စိုက်ပျိုးထားသော ရွှေမြန်မာနှင့် သုခရင်စပါးများ စိုက်ပျိုးမှု အခြေအနေနှင့် အထွက်ကောင်းစပါးများ လဲလှယ်အသုံးပြုရေးကို လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း မြို့နယ် ဒုတိယမန်နေဂျာ ဒေါ်ခင်ဝင်းစိန်က တစ်ဧကအထွက်တိုးရေးအတွက် ရွှေမြန်မာနှင့်သုခရင် စပါးများ ပြောင်းလဲစိုက်ပျိုးရေးကို လည်းကောင်း၊ ဆီထွက်သီးနှံတွင် ဆင်းရွှေကြာ (၃) နှင့် ရေဆင်းစပ်မျိုးနေကြာ(၁)တို့ကို မျိုးပြောင်းလဲစိုက်ပျိုးရေးနှင့် ဓာတ်မြေသြဇာသုံးစွဲရာတွင် ဘက်စုံသဘာဝမြေသြဇာ(မော်လိုက်) သုံးစွဲရေး တို့ကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တောင်သူလယ်သမားများ၏ ဆွေးနွေးမေးမြန်းချက်များကို တာဝန်ရှိသူများက ဖြေကြားကြပြီး စမ်းသပ်စိုက်ပျိုးထားသော ရွှေမြန်မာနှင့် သုခရင်စပါးစိုက်ခင်းများအား တာဝန်ရှိသူများနှင့် တောင်သူလယ်သမားများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် စာပေဖတ်ရှုရခြင်း၏ အကျိုးများရှင်းလင်း

မတ္တရာ နိုဝင်ဘာ ၁၀

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် တောင်ပြုံးကျေးရွာတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ ရက် နံနက်က ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးဝင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရပ်/သံ-၃ ဒေါ်ဆွေဆွေတင့်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စာပေဖတ်ရှုရခြင်း၏အကျိုး ကျေးဇူးများရှင်းလင်းပြောကြားသည်။ ထို့နောက် စာကြည့်တိုက်အတွက် အလှူရှင် ဦးမျိုးမြင့်-ဒေါ် အမာမိသားစု က စာအုပ်၂၀၀နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်၅၀ကို လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**



**ညောင်ဦးခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တေဇက မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း စည်းရုံးရေး ဗဟိုကော်မတီမှ ပေးအပ်သည့် ထောက်ပံ့ငွေများကို လွှဲပြောင်းပေးအပ်ရာ ဗိုလ်ကြီးတင်ဦး(ငြိမ်း) ကိုယ်စားသား ဦးအောင်ကျော်မြင့်က လက်ခံရယူစဉ်။**

(ခရိုင် ပြန်/ဆက်)

## သနပ်ပင်မြို့နယ်လုံးဆိုင်ရာ စုပေါင်းဘုံကထိန်ပွဲကျင်းပ

**သနပ်ပင် နိုဝင်ဘာ ၁၈**

သနပ်ပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် (၁၂)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာစုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် လှည့်လည်ပွဲကို နိုဝင်ဘာ ၁၂ရက် နံနက်ပိုင်းက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဓမ္မရက္ခိတ ပရိယတ္တိစာသင်တိုက်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကြည်**(ယာပုံ)**နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများက ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ပင့်သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြပြီး ဓမ္မရက္ခိတစာသင်တိုက်ဆရာတော်က ကထိန်အနုမောဒနာတရားနှင့် ရေစက်ချတရား ဟောကြားတော်မူသည်။

**(မြို့နယ် ပြန်/ဆက်)**





## ကျောင်းကုန်း အထက(၁) မြတ်ဆရာပူဇော်ပွဲ

**ကျောင်းကုန်း နိုဝင်ဘာ ၂၁**

ကျောင်းကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူဟောင်းများက ပညာရေးအလှူရှင် ဂါဒီယန်ဦးစိန်ဝင်းအပါအဝင် ၁၉၅၂ခုနှစ်မှ ၂၀၀၄ခုနှစ်အထိတာဝန်ထမ်းဆောင်ခဲ့သော အသက်(၆၀)နှစ်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီး၆၅ဦးတို့အား(၁၅) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကို ဒီဇင်ဘာ ၆ရက် (အမျိုးသားနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ်(၁)အထကကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရပ်ဝေး၊ ရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို ရန်ကုန်မြို့တွင် ဦးရဲမြင့် ဖုန်း-၂၄၀၃၄၆၊ ဦးလေးမောင် ဖုန်း- ၂၉၂၇၀၃၊ ဒေါ်တင်ကြည် ဖုန်း-၂၈၅၈၈၅၊ ကျောင်းကုန်းမြို့တွင် ဦးဝင်းမောင်(မြို့နယ်ပညာရေးမှူး)၊ ဒေါ်လှလှချို (အထက(၁)ကျောင်းအုပ်ဆရာမကြီး)၊ဦးခင်ညွန့် ဖုန်း-၁၈၃၊ဦးသာရွှေ ဖုန်း-၁၀၀နှင့် ဦးသန်းဌေး ဖုန်း-၃၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၂၆၅)**

# ကျေးလက် သတင်းနှင့် မြင်ကွင်း

## အရုဏ်ဦး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

**ကျုံပျော် နိုဝင်ဘာ ၁၄**

ကျုံပျော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး ဖွင့်လှစ်သော ကျုံပျော်မြို့နယ် သောင်ကြီးကျေးရွာ အရုဏ်ဦး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို နိုဝင်ဘာ၈ရက်က သောင်ကြီးကျေးရွာအုပ်စု သောင်ကြီးကျေးရွာရုံး၌ ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးကျင်ဟန်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်)က လှူဒါန်းသော စာအုပ်၅၅အုပ်ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**

## မြန်အောင်မြို့နယ်တွင် ကျေးလက်စာကြည့်တိုက်များဖွင့် ရေရှည်ထိန်းသိမ်းနိုင်ရေး ဆင့်ပွားသင်တန်းပို့ချ

**မြန်အောင် နိုဝင်ဘာ ၂၅**

မြန်အောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့် တိုက်များကို နိုဝင်ဘာလအတွင်း ဆည်ရွာကျေးရွာအုပ်စု ကျေးရွာ၁၀ခုနှင့် ကွမ်းတောအုပ်စုရှိ ကျေးရွာငါးခုတွင် ဖွင့်လှစ်ကြပြီး စာအုပ်များ ပေးအပ်လှူဒါန်းကြသည်။

**ရှင်းလင်းပြောကြား**

အဆိုပါ ဖွင့်လှစ်ပြီးသော ကျေးရွာ စာကြည့်တိုက်များ စနစ်တကျဖြစ်ရေးနှင့် ရေရှည်ထိန်းသိမ်းရန်အတွက် စာကြည့်တိုက်ပညာဆင့်ပွား သင်တန်းပို့ချပွဲကို နိုဝင်ဘာ ၂၄ရက် နံနက်၉နာရီက အင်ပင်ကျေးရွာအုပ်စု အင်ပင်ရွာရုံးတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးထွန်းချစ်က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းရှိန်က သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**



**ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မြေယာရှင်းအလှဆင်ခြင်းလုပ်ငန်းများ၊ မြို့တွင်းလမ်းမတော်လမ်း ပြုပြင်ခြင်းလုပ်ငန်းနှင့် ကန်တော်ကြီးလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းများကို အောက်တိုဘာ ၁၈ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဝင်းတို့က ရှင်းလင်းပြသကြစဉ်။** (မြို့နယ်စည်ပင်)

## တောင်ကြီးမြို့၌ကမ္ဘောဇလူငယ်စာကြည့်တိုက်ဖွင့်



**တောင်ကြီး နိုဝင်ဘာ ၁၀**

တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက် ကမ္ဘောဇလူငယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃ရက် နံနက် ၉နာရီက ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ခရိုင်အုပ်ချုပ် ရေးမှူးဦးထွန်းအောင်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိဒေါ်မေမေနီနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌဦးမောင်မောင်သန်းက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိက စာကြည့် တိုက်အတွက် မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ အုပ် ၅၀ နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက စာအုပ်မျိုးစုံအုပ်ရေ ၁၀၀ ပေးအပ်လှူဒါန်းကြသည်။

**(ခရိုင် ပြန်/ဆက်)**

### ကွင်းဆင်းတိုင်းတာ

**လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့နယ်အတွင်းရှိကျေးရွာများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမျိုးနိုင်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဌေးတို့ နိုဝင်ဘာ ၅ရက်က ကောင်းကော်-မိုင်းရော် ကျေးလက်မြေသားလမ်းကို ကျောက်ချောလမ်းအဆင့်မြှင့် ခင်းကျင်းရန် ကွင်းဆင်းတိုင်းတာကြစဉ်။**

(မြို့နယ်စည်ပင်)



**တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်းပေါ်ရှိ မီးရထားဂိတ် အမှတ် ၃ သံလမ်းဖြတ်သန်းသွားလာရေး လွယ်ကူစေရန်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က လမ်းကြိတ်စက်ဖြင့် လမ်းညှိခြင်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိဦးကိုကိုနိုင်နှင့် အငယ်တန်း အင်ဂျင်နီယာ-၃ ဦးမြင့်စိုးတို့က ကြီးကြပ် ဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)



## မိုင်းယောင်းမြို့နယ်တွင် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်

**မိုင်းယောင်း နိုဝင်ဘာ ၂၄**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မွေးမြူရေးဘဏ်စနစ်ဖြင့် ဒေသအတွင်း မွေးမြူရေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ရန် ကြက်၊ ဝက်ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၁ရက်က မိုင်းဖြတ်ခရိုင် မိုင်းယောင်းမြို့နယ် ပုံချိုကျေးရွာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မိုင်းဖြတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွှန့်နှင့် ပြည်နယ်ဦးစီးဌာနမှူး ဦးမောင်လှိုင်တို့က ဒေသတွင်းမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ကြက်၊ ဝက်များပေးအပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ကြက်ကောင်ရေ ၄၄၀နှင့်ဝက် ၉၂ကောင်ကို ပေးအပ်ရာ ဒေသခံများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

နိုဝင်ဘာ ၂၆ ရက်က နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင် နှင့် အဖွဲ့ဝင်များ ဝရဒါဌာ ဓာတု စေတိယ စွယ်တော် မြတ်စေတီတော် (ရန်ကုန်) နဝမအကြိမ် ဗုဒ္ဓပူဇနိယ ပွဲတော် ဗုဒ္ဓါဘိသေက အနေ ကဇာတင်ပွဲ၊ရွှေကြာသကၤန်း ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန် စိမ်းလောင်းလှူပွဲတွင် ဆရာ တော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ် လှူဒါန်းစဉ်။

(သတင်း–ရှေ့ဖုံး)
(သတင်းစဉ်)



# အပူပိုင်းဒေသ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်မှု ၇၆ ရာခိုင်နှုန်းပြီးစီးနေ ရေခက်ခဲသောကျေးလက်ပြည်သူ ခုနစ်သန်းခန့် ရေရရှိမှုအကျိုး လက်တွေ့ခံစားနေရပြီ ဝိုင်းဝန်းကူညီကြသော လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များအား ကျေးဇူးတင်ဂုဏ်ပြု

ရန်ကုန် နိုဝင်ဘာ ၂၆

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး နဝမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အလှူငွေများလက်ခံပြီး အမှာစကားပြောကြားသည်။

***စာမျက်နှာ ၅ ကော်လံ ၁*** ✡

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၏ လှူဒါန်းငွေ ကျပ် ၂၅ သိန်းကို လက်ခံစဉ်။ (သတင်းစဉ်)**



## ဖွံ့ဖြိုးစည်ပင်ကျေးလက်တစ်ခွင်

**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကူညီပံ့ပိုးမှုဖြင့် မြင်းခြံခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ကြီးကြပ်တူးဖော်ခဲ့သော စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက်က မြင်းခြံမြို့နယ်(လေးရွာဆုံ)ကျေးရွာ၌ကျင်းပရာ မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက စက်ရေတွင်း ရေကန်မှ ရေကို ဖွင့်လှစ်ပေးစဉ်။ (၄၀၂)**



## ကျောက်ပန်းတောင်းမြို့နယ် ခါးပတ်ကျေးရွာ၌ စက်ရေတွင်း တူးဖော်ပြီးစီး

ကျောက်ပန်းတောင်း နိုဝင်ဘာ ၂၀

ရေရှားပါးသော ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးအစီအစဉ်အရ ကျောက်ပန်းတောင်းမြို့နယ် ခါးပတ်ကျေးရွာ၌ စက်ရေတွင်း တူးဖော်ဆောင်ရွက်ပြီးစီး၍ ကျေးရွာနေပြည်သူများအား ရေစက်ရုံမှ ရေပေးဝေလျက်ရှိရာ နိုဝင်ဘာ ၄ ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်ဦးတို့သည် ကျောက်ပန်းတောင်းမြို့နယ် ခါးပတ်ကျေးရွာသို့ သွားရောက်၍ စက်ရေတွင်းမှ ရေပေးဝေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

**(နယ်စပ်/စည်ပင်)**